ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ သောကြာနေ့၊ (30-3-2007) (၅၂၇၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီမွေးမြူရေးနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု မွေးမြူရေးလုပ်ငန်းများအောင်မြင်အောင် ထိထိရောက်ရောက် စီမံဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် ငါးမွေးမြူရေးစခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း လိုက်ပါလျက် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ပင်မငါးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် ပင်မငါးမွေးမြူရေးစခန်းတွင် ရေချိုပုစွန်များ သားဖောက်မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ပင်မငါးမွေးမြူရေးစခန်း ရှင်းလင်းဆောင်ရွက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ပင်မငါးမွေးမြူရေးစခန်း၌ ငါးကန် ၆၇ ဒသမ ၉၂ ဧက တူးဖော်ထားရှိ၍ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွ၊ ငါးတန်နှင့် တီလားပီးယား စသည့် ငါးမျိုးစုံကောင်ရေ ၁၂၀၀၀၀၀ ကျော် မွေးမြူဖြစ်ထွန်းမှုအခြေအနေ၊ ရေချိုပုစွန် သားဖောက်လုပ်ငန်းက ပုစွန်သားပေါက်များ ရောင်းချရရှိမှုအခြေအနေ၊ အိဆာနီယိုဘရောင်းအမျိုးအစား ဥစားကြက်ကောင်ရေ ၃၂၀၀ကျော် မွေးမြူဖြစ်ထွန်းမှုအခြေအနေ၊ ဝက်ကောင်ရေ ၁၈၀ ကျော် မွေးမြူဖြစ်ထွန်းနေမှုအခြေအနေနှင့် နို့စားနွားကောင်ရေ ၈၀ ကျော် မွေးမြူဖြစ်ထွန်းမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးစခန်းတာဝန်ခံ ဗိုလ်မှူးသက်လှိုင်က ငါးကန်များ ဖော်ထုတ်မှုအခြေအနေ၊ ငါးမျိုးစုံ မွေးမြူရောင်းချရမှုအခြေအနေ၊ ပုစွန်သားဖောက်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ပုစွန်သားပေါက်များ ရောင်းချရမှုအခြေအနေ၊ ခေတ်မီ ငါးနှင့်ပုစွန် မွေးမြူရေးနည်းပညာများ သုံးစွဲမှုအခြေအနေ၊ အိဆာနီယိုဘရောင်း ဥစားကြက်၊ ဝက်နှင့်နို့စားနွားများ မွေးမြူထားရှိမှုအခြေအနေနှင့် မွေးမြူရေးလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ကြေးမုံ The Mirror

ဆောင်းပါးအညွှန်း

"လေးဖက်နာနှင့် လေးဖက်နာနှလုံးရောဂါတို့သည် ***Group A Streptococcus*** *ခေါ် ဘက်တီးရီးယားပိုးက လည်ချောင်းနာရောဂါဖြစ်ခြင်းမှစတင်သည်။ ဤပိုးသည် လည်ချောင်းနာစေပြီး အရေပြားပေါ်တွင် အနာစက်များဖြစ်စေသော်လည်း လည်ချောင်းနာရောဂါမှသာ နောက်ဆက်တွဲ လေးဖက်နာရောဂါဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။"*

ပါမောက္ခဒေါ်ခင်မေစန်း၏ **"လေးဖက်နာနှင့် လေးဖက်နာနှလုံးရောဂါ"**

(ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၃-၂၀၀၇
(သောကြာနေ့)

နယ်စပ်ဒေသများ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်း

နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားအဆင့်မြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးတို့ကို အရှိန်အဟုန်ဖြင့် အားထုတ်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၇)ကို မတ်လ ၂၈ ရက်နေ့က နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကားပြောကြားရာတွင်-

"နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ရင်း တစ်ဖက်မှာလည်း နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးမှု၏ အေးချမ်းမှုအရိပ်ကို ထူထောင်ပေးနိုင်ရန်လည်း ကြိုးပမ်းကြဖို့ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်း၌ တရားဥပဒေစိုးမိုးမှု ခိုင်မာမှ တစ်နည်းအားဖြင့် တရားဥပဒေနှင့်အညီ အုပ်ချုပ်မှုစနစ် ခိုင်မာမှသာ လူ့အခွင့်အရေး အပြည့်အဝရမည်ဆိုသည်ကို မျက်ခြည်မပြတ်ရန်လိုကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်က နယ်စပ်ဒေသများ၌ လူမှုစီးပွား အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင် ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့်အတူ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ တိုးတက်မြင့်မားနေပြီဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ခုနှစ်မှစတင်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် သန်းပေါင်း ၁၀၁၀၆၆ သန်းကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ နယ်စပ်ဒေသများ၌ လူမှုစီးပွားအခြေခံအဆောက်အအုံများ သိသိသာသာပေါ်ထွက်လာပြီး ဖွံ့ဖြိုးစည်ပင် သာယာနေခြင်းသည် ဒေသ၏တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားချင်း ရင်းနှီးချစ်ကြည်စည်းလုံးမှု၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်ကိုးစား အပြန်အလှန်လေးစားမှုတို့ကြောင့်ပင်ဖြစ်သည်။

နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများ၏ ပေါင်းစည်းညီညီ လက်တွဲပူးပေါင်း ကြိုးပမ်းဖော်ဆောင်ခြင်းဖြင့် တရားဥပဒေစိုးမိုးမှု၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှုများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာပြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ဦးကျော်မြင့်၊ (ဒေါ်ရင်ရင်)နှင့်သမီးများ ဖြစ်ကြသော ဒေါက်တာမြင့်ဦး-ဒေါ်ခင်မလွင်၊ ဒေါက်တာ စိန်ဝင်း-ဒေါ်မေမေခိုင်၊ ဒေါ်လီလီခိုင်၊ ဒေါက်တာမြင့်အောင်-ဒေါက်တာ ဒေါ်သန်းသန်းစိန်၊ ဦးမြင့်ဇော်နှင့်မြေးများ၊ ညီမ ဒေါ်တင်တင်ဌေးမိသားစုတို့က အလှူတော်ငွေကျပ် ၅၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(ဗုဒ္ဓဂယာဆရာတော်) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (ဗုဒ္ဓဂယာမြန်မာကျောင်းပဓာနနာယကဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးအတွက် လျှပ်စစ်ပစ္စည်းများဝယ်ယူရေး ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၂၉

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Angelique International Ltd. တို့၏သဘောတူကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးခန်း၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

လက်မှတ်ရေးထိုးပွဲသို့ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် Angelique International Ltd. မှ Vice President, Mr. Pradeep Arya တို့က မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ကြီးအုံ-ကြီးဝမန်း ၁၃၂ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးအတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းများ ဝယ်ယူရေးအတွက် သဘောတူကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထန်းတပင်ကျောင်းတိုက် သင်္ကြန်တွင်း တရားစခန်း

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်း-စဉ့်ငူရပ်ကွက် ထန်းတပင်ကျောင်းတိုက်၏ သတ္တမအကြိမ်မြောက် သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၁၃ရက်မှ ၁၇ရက်(သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်အထိ) လယ်တီမူကျင့်စဉ်အတိုင်း တရားစခန်းပွဲကို ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၂ရက် ညနေ ၄ နာရီ အရောက် ကျောင်းတိုက်သို့ လာရမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဒုလ္လဘ၊ ရဟန်းဝတ်လိုသူများလည်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဖျော်ရည်လှူဒါန်းလိုသည့် အလှူရှင်များနှင့် ယောဂီများသည် ထန်းတပင်ကျောင်းတိုက် ဖုန်း-၀၉-၅၁၁-၂၀၄၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်ပညာရည်ချွန်ဆုပေးပွဲကို မတ် ၃၁ရက် (စနေနေ့)နံနက် ၉နာရီခွဲတွင် အသင်းတည်နေရာ အမှတ် (၂၆၇)ပြည်လမ်း မြေနီကုန်းတွင် ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်အထက် အဘိုး၊အဘွားများနှင့်၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ စာရင်းကို အချိန်မီပေးပို့ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို ဦးတင်စိန် ဖုန်း-၅၅၃၆၄၄၊ လိုင်းခွဲ-၁၁၄၊ ဦးဝမ်ထုံး (အဆွေတော်ကားဂိတ်) ဖုန်း-၀၉-၅၀-၂၀၃၇၉၊ ဦးစိုင်းချစ်ထွေး ဖုန်း-၀၉-၅၁၀၇၂၂၅၊ ဒေါ်သန်းမြင့် ဖုန်း-၅၆၃၈၀၅၊ ဒေါ်နီနီဝင်း ဖုန်း-၅၅၄၃၆၈၊ ဒေါ်နန်းရေစင်ဦး ဖုန်း-၀၉-၅၁၅၄၇၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် (၁၃)လမ်း ငွေကြာရုံပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော ငွေကြာရုံဓမ္မဝိဟာရ သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ ဂျပန်နိုင်ငံ တိုကျိုမြို့နေ Koneesan က အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၆၈၂ လှူဒါန်းရာ ဆရာဦးကံချွန်(ဘောဂဗေဒ)နှင့် ဦးရဝေထွန်းတို့ လက်ခံယူစဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက် အမက(၂၃)တွင် ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေးရှိန် အမှာစကား ပြောကြားစဉ်။ (၃၂)

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၂၉

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ်မြောက် ၂၀၀၇ ခုနှစ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၁၈ရက်တွင် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။

၂၀၀၇ခုနှစ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကားမောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆိုင်ဖွင့်လှစ်လိုသူများ၊ မဏ္ဍပ်ဝင်ရောက်လိုသူ လှပျိုဖြူများ၊ ပါဝင်လိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ငွေ၊ ပစ္စည်းပါဝင်လှူဒါန်းလိုသူများသည် ဦးသန်းနိုင် ဖုန်း-၀၉-၉၉-၂၄၃၆၃၊ ဦးရွှေသိန်းကျော် ဖုန်း-၀၉-၅၀၀-၂၇၉၅၊ ဒေါ်စောခင်တင့် ဖုန်း-၀၉-၅၁၆-၄၉၂၈ နှင့် ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁၄-၀၄၀၇ တို့သို့ အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၁၁ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ခန့်မင်းလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေစီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

လေးဖက်နာနှင့် လေးဖက်နာ နှလုံးရောဂါ

ပါမောက္ခ ဒေါ်ခင်မေစန်း

လေးဖက်နာနှင့် လေးဖက်နာ နှလုံးရောဂါတို့သည် ယခုမျက်မှောက်ခေတ်တွင်ကမ္ဘာပေါ်၌ အရေးကြီးသော ကျန်းမာရေးပြဿနာများ ဖြစ်နေသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ အတွင်း စက်မှုနိုင်ငံများတွင် ဤရောဂါများ ဖြစ်နှုန်းလျော့ကျလာသည်ဟု တွေ့ရှိရသော်လည်း ယခု (၂၁)ရာစုအစပိုင်းတွင် ဤရောဂါများသည် စက်မှုထွန်းကားနေသည့် နိုင်ငံများ၌ စက်မှုမထွန်းကားသေးသည့် နိုင်ငံများနည်းတူ ကျန်းမာရေး ပြဿနာများ ဖြစ်နေဆဲဖြစ်သည်။ ဤရောဂါများ၏ အဆိုးရွားဆုံးဒဏ်ကို ကလေးသူငယ်များနှင့် လူငယ်၊ လူလတ်ပိုင်းတို့က ခံရတတ်သည်။

လေးဖက်နာနှင့် လေးဖက်နာ နှလုံးရောဂါတို့သည် Group A streptococcus **(ခေါ်)ဘက်တီးရီးယားပိုးက လည်ချောင်းနာရောဂါဖြစ်စေခြင်းမှ စတင်သည်။ ဤပိုးသည် လည်ချောင်းနာစေပြီး အရေပြားပေါ်တွင် အနာစက်များ ဖြစ်စေသော်လည်း လည်ချောင်းနာရောဂါမှသာ နောက်ဆက်တွဲ လေးဖက်နာရောဂါဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။** ငါးနှစ်မှ ၁၅နှစ်အရွယ်ရှိ ကလေးသူငယ်များ၌ လည်ချောင်းနာ အဖြစ်များဆုံးဖြစ်သည်။ သို့ရာတွင် လည်ချောင်းနာတိုင်း Group A streptococcus ပိုးကြောင့် မဟုတ်ပါ။ လည်ချောင်းနာသူများ၏ (၁၅-၂၀) ရာခိုင်နှုန်းသည် Group A streptococcus ဘက်တီးရီးယားပိုးကြောင့်ဖြစ်ပြီး ၈၀ ရာခိုင်နှုန်းမှာ ဗိုင်းရပ်စ် (Virus) ပိုးကြောင့် ဖြစ်သည်။ Group A streptococcus ဘက်တီးရီးယားပိုးကို မည်သည့် ရောဂါလက္ခဏာမျှ မရှိဘဲ မကြာခဏ တွေ့ရတတ်သည်။ ကမ္ဘာအနှံ့အပြားပြုလုပ်သော သုတေသနများအရ ကျန်းမာနေသော(၆-၁၀နှစ်)အရွယ် ကျောင်းသားများတွင် ဤဘက်တီးရီးယားပိုးရှိခဲ့သည့် အထောက်အထားဖြစ်သည့် သွေးတွင်း ASOသည် (၁၅-၇၀) ရာခိုင်နှုန်းတွင် များနေသည်ကို တွေ့ရှိရသည့်အပြင် (၁၀-၅၀) ရာခိုင်နှုန်းတွင် လည်ချောင်းတွင်းမှ ဤဘက်တီးရီးယားပိုးကို မွေးထုတ်၍ရသည်။ ဤသို့ ဘက်တီးရီးယားပိုးကို မွေးထုတ်၍ရလျှင် လတ်တလော လည်ချောင်းရောင်ဖြစ်နေ၍သော်လည်းကောင်း၊ ရောဂါမဖြစ်စေဘဲ ပိုးတွယ်ကပ်နေ၍သော်လည်းကောင်း ဖြစ်နိုင်သည်။ ပိုးတွယ်ကပ်ရုံမျှနှင့် လေးဖက်နာရောဂါမဖြစ်ပါ။ ASO မြင့်နေမှသာလျှင် လတ်တလော လည်ချောင်းရောင်ရောဂါဖြစ်ခဲ့သည်ဟု ဆိုနိုင်ပြီး နောက်ဆက်တွဲ လေးဖက်နာရောဂါဖြစ်စေနိုင်သည်။

၁၉၉၄ခုနှစ်၏ စာရင်းများအရ ကမ္ဘာပေါ်တွင် လေးဖက်နာရောဂါရှိသူ စုစုပေါင်း ၁၂သန်းရှိပြီး သုံးသန်းမှာ နှလုံးရောဂါကြောင့် မကြာခဏ ဆေးရုံတက်ကြရသည်။ ငါးနှစ်မှ ၁၀နှစ်အတွင်း နှလုံးရောဂါလူနာ အမြောက်အမြားသည် အဆို့ရှင်များ ခွဲစိတ်ကုသရန် လိုအပ်ပါသည်။ ကမ္ဘာပေါ်၌ ခရစ်နှစ် ၂၀၀၀တွင် လေးဖက်နာနှလုံးရောဂါကြောင့် သေဆုံးမှုမှာ ၃၃၂၀၀၀ ဖြစ်သည်။ အမေရိကတိုက်များတွင် လေးဖက်နာနှလုံးရောဂါကြောင့် သေဆုံးမှုမှာ လူဦးရေ တစ်သိန်းတွင် ၁ ဒသမ ၈ ဖြစ်ပြီး အရှေ့တောင်အာရှတွင် ၇ ဒသမ ၆ ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၁၉၅၀ပြည့်နှစ်မှစ၍ လေးဖက်နာရောဂါအဖြစ် နည်းလာသည်ကို တွေ့ရှိရပြီး မျက်မှောက်ခေတ်တွင် လူဦးရေ တစ်သိန်း၌ တစ်ယောက်သာလျှင် ဤရောဂါဖြစ်နေသည်ကို တွေ့ရသည်။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်အခြေအနေများက ရောဂါဖြစ်နှုန်းများကို ကွာခြားစေသည်။

လေးဖက်နာရောဂါသည် Group A streptococcus ဘက်တီးရီးယားပိုးကို လူနာ၏ခန္ဓာကိုယ်က တုံ့ပြန်တိုက်ခိုက်မှု ပြင်းထန်သောကြောင့်ဖြစ်သည်။ ဤဘက်တီးရီးယားပိုးကြောင့်လည်း အရေပြားပေါ်တွင် အနာစက်များ ဖြစ်တတ်ပြီး ကျောက်ကပ်ရောင်တတ်သည်။ Group A streptococcus ဘက်တီးရီးယားပိုးကြောင့် လည်ချောင်းနာသူများ၏ ၀ ဒသမ ၃- ၃ ရာခိုင်နှုန်း သာလျှင် လေးဖက်နာရောဂါဖြစ်သည်။ ဗီဇ၊ ပတ်ဝန်းကျင် အခြေအနေများနှင့် ချက်ချင်း ဆေးကုသမှုခံယူနိုင်သည့် အခွင့်အရေး စသည့်အချက်များပေါ်တွင် မူတည်သည်။

လေးဖက်နာရောဂါ – ဖြစ်နေသည်ကို အောက်ပါလက္ခဏာများဖြင့် သိနိုင်သည်–

လက္ခဏာကြီးများ

(၁) အဆစ်ရောင်ခြင်းသည် လေးဖက်နာ၏ အဆောလျင်ဆုံး၊ အဖြစ်အများဆုံး (၇၅ ရာခိုင်နှုန်း)နှင့် တစ်ခုတည်းသော လက္ခဏာကြီး ဖြစ်တတ်သည်။ ကလေးလူကြီး အရွယ်မရွေးဖြစ်ပြီး အဆစ်ကြီးများ (အထူးသဖြင့် ဒူးနှင့် ခြေချင်းဝတ်) အလှည့်ကျ ရောင်ရမ်းကာ အထိမခံနိုင်လောက်အောင် နာကျင်ကိုက်ခဲစေသည်။ ရံဖန်ရံခါ အဆစ်ကြီးတစ်ခု သို့မဟုတ် အဆစ်ငယ်များကို မရောင်ရမ်းစေဘဲ ကိုက်ခဲစေသည်၊

(၂) နှလုံးရောင်ခြင်း၊

(၃) ဦးနှောက်ရောင်၍ ခြေလက်လှုပ်ရှားမှု မထိန်းသိမ်းနိုင်ခြင်း၊

(၄) အရေပြားပေါ်တွင် အနီရောင်ဖောင်းကြွ အင်ပြင်ထွက်ခြင်း၊

(၅) အရေပြားအောက်တွင် ဖုသီးများထွက်ပေါ်ခြင်း။

လက္ခဏာငယ်များ

(၁) ဖျားခြင်း၊ ဗိုက်နာခြင်း၊ နှာခေါင်းသွေးယိုခြင်း၊

(၂) အဆစ်များနာခြင်း၊

(၃) သွေးတွင်း ESR (ခေါ်) သွေးအနည်ထိုင်မှုနှုန်းနှင့် သွေးဖြူဉများခြင်း၊

(၄) အီးစီဂျီတွင် နှလုံးရောင်သည့် လက္ခဏာတွေ့ခြင်း။

Streptococcus ဘက်တီးရီးယားပိုးရှိခြင်း အထောက်အထားများမှာ–

(၁) ASO များခြင်း– ASO ကို သုံးပတ်မှ လေးပတ်ခြား၍ စစ်ဆေးသည့်တွင် အနည်းဆုံးတစ်ကြိမ်၌ မြင့်နေရမည်။

(၂) လည်ချောင်းမှ ဘက်တီးရီးယားပိုး ပေါက်ခြင်းတို့ဖြစ်ကြသည်။

လေးဖက်နာရောဂါဟု အမည်တပ်ရန် အထက်ပါ လက္ခဏာကြီး နှစ်ခုသော်လည်းကောင်း၊ လက္ခဏာကြီး တစ်ခုနှင့် လက္ခဏာငယ် နှစ်ခုသော်လည်းကောင်းရှိပြီး ဘက်တီးရီးယားပိုးရှိကြောင်း အထောက်အထား တစ်ခုလိုပါသည်။

အဆစ်ရောင်လေးဖက်နာရောဂါ

အဆစ်ရောင် လေးဖက်နာရောဂါသည် မည်သည့် အသက်အရွယ်၌မဆို အဖြစ်အများဆုံး ၇၅ရာခိုင်နှုန်းဖြစ်သည်။ အဆစ်ကြီးများတွင် တစ်လှည့်စီ ရောင်ရမ်းကိုက်ခဲမှု ရှိတတ်သော်လည်း ရံဖန်ရံခါ အဆစ်ငယ်ကလေးများ နာကျင်ရုံမျှ ဖြစ်တတ်သည်။ အဆစ်ကြီးတစ်ခုတည်းလည်း ရောင်ရမ်းတတ်သည်။ အဆစ်ငယ်များနှင့် အဆစ်တစ်ခုတည်းသာ နာကျင်ပါက လေးဖက်နာမဟုတ်ဘဲ အခြားသော အဆစ်ရောင်ရောဂါများ ဖြစ်သည်က များသည်။ ထို့ကြောင့် ဓာတ်ခွဲခန်း သွေးစစ်ချက် အထောက်အထားများ လိုအပ်မည် ဖြစ်သည်။

လေးဖက်နာရောဂါတွင် အဆစ်ကိုက်ခြင်းနှင့် နှလုံးရောင်ခြင်းတို့သည် တစ်ချိန်တည်း ပြိုင်တူဖြစ်နိုင်သော်လည်း ပြင်းထန်သော အဆစ်ကိုက်သူများထက် အနည်းငယ်မျှသာ အဆစ်နာသူများ၌ နှလုံးရောဂါပို၍ ဖြစ်နေကြောင်း တွေ့ရသည်။ လေးဖက်နာနှလုံးရောဂါကို အဆစ်ကြီးရောင်သူများ၏ ၁၀ရာခိုင်နှုန်း၊ အဆစ်ငယ်များ နာသူများ၏ ၃၃ရာခိုင်နှုန်းတွင် တွေ့ရှိရပြီး လေးဖက်နာနှလုံးရောဂါ ဖြစ်သူများ၏ ရာခိုင်နှုန်း ၅၀ တွင် အဆစ်နာခြင်း မဖြစ်ခဲ့ကြောင်း တွေ့နေရသည်။

လေးဖက်နာနှလုံးရောင်ခြင်း

နှလုံး၏ အလွှာသုံးလွှာလုံး ရောင်ရမ်းတတ်သည်။ နှလုံးအဆို့ရှင်များရောင်ပြီး မလုံတော့သည့်အတွက် နားကြပ်နှင့် နားထောင်လျှင် ပုံမှန်မဟုတ်သော အသံများကို ကြားနိုင်ပါသည်။ နှလုံး၏ ကြွက်သားများရောင်လျှင် လူနာက ရင်တုန်မောဟိုက်ခြင်းကို ခံစားရပြီး နှလုံးအရွယ်အစား ကြီးလာကာ ကြွက်သားညှစ်အား လျော့လာပါသည်။ နှလုံး၏ အပြင်အကာလွှာရောင်လျှင် လူနာသည် ရင်အောင့်ခြင်းကို ခံစားရပြီး နားကြပ်နှင့်နားထောင်လျှင် နှလုံးခုန်တိုင်း အကာနှင့် ပွတ်တိုက်သည့် အသံကို ကြားရသည်။ ဤသို့ လေးဖက်နာနှလုံးရောင်သည်ကို အီးစီဂျီ၊ ဓာတ်မှန်၊ နှလုံးတယ်လီဗေးရှင်းတို့ဖြင့် သိနိုင်သည်။

ဦးနှောက်ရောင်၍ ခြေလက်လှုပ်ရှားမှု မထိန်းသိမ်းနိုင်ခြင်း

ကလေးများနှင့် အသက်(၂၀)အောက် လူငယ်များတွင် အဖြစ်များသည်။ လေးဖက်နာ နှလုံးရောဂါနှင့်တွဲဖက်၍ ဖြစ်တတ်သည့်အပြင် ကနဦး လည်ချောင်းနာပြီး လအတော်ကြာမှ ပေါ်လာတတ်သဖြင့် သွေးတွင်း ASO မများတတ်ပါ။

အရေပြားအောက်တွင် ဖုသီးများထွက်ပေါ်ခြင်း

လေးဖက်နာရောဂါ ဖြစ်သူများ၏ ၂၀ရာခိုင်နှုန်းတွင် တွေ့ရတတ်သည်။ အရေပြားအောက်၌ မာကျောပြီး ရွေ့လျားနိုင်သော မနာကျင်သည့် ဖုသီးများသည် ၀ဒသမ၅မှ ၂စင်တီမီတာအထိ အရွယ်အစားရှိတတ်သည်။ အရေပြားပါးသော နေရာများဖြစ်သည့် တံတောင်၊ ဒူး၊ နောက်စေ့နှင့် နောက်ကျောရိုးများ အပေါ်တွင် စမ်း၍ရတတ်သည်။ တစ်ပတ်မှ နှစ်ပတ်အထိသာ တွေ့ရှိတတ်သော်လည်း နှလုံးရောင်ခြင်းနှင့်တွဲဖက်၍ ဖြစ်တတ်သဖြင့် ဤဖုသီးများကို ရှာကြည့်ရန် အရေးကြီးပါသည်။

အရေပြားပေါ်တွင် အနီရောင်ဖောင်းကြွ အင်ပြင်ထွက်ခြင်း

ဤအရေပြားပေါ်တွင် အနီရောင်ဖောင်းကြွ အင်ပျဉ်ထွက်ခြင်းကို လေးဖက်နာဖြစ်သူများ၏ ၁၅ ရာခိုင်နှုန်းကို တွေ့ရှိရသည်။ ကိုယ်ခန္ဓာပေါ်နှင့် ခြေလက်အရင်းပိုင်းတွင် နီရဲဖောင်းကြွ မနာကျင်၊ မယားယံသော အင်ပျဉ်များသည် နှလုံးရောင်ခြင်းနှင့် တွဲဖက်၍ တွေ့လေ့မရှိပါ။

လေးဖက်နာရောဂါကုသနည်း

လည်ချောင်းအတွင်းရှိ Streptococcus ပိုးကို နှိမ်နင်းသုတ်သင်ရန်အတွက် ပိုးသတ်ဆေးကို ဆေးရက်ပြည့်အောင် ပေးပြီးသည့်နောက် လေးဖက်နာ ထပ်မံမဖြစ်စေရန် ကာကွယ်ဆေးပေးရမည်။ အက်စပရင် အကိုက်အခဲ ပျောက်ဆေးကို လုံလောက်သော ဆေးပမာဏဖြင့် ငါးပတ်မှ ရှစ်ပတ်အထိ တိုက်ကျွေးရမည်။

လေးဖက်နာ နှလုံးရောင်သဖြင့် နှလုံးညှစ်အားနည်းပါက အငန်ရှောင်စေ၍ ဆီးဆေးနှင့် အခြားနှလုံးဆေးများကို လိုအပ်သလို တိုက်ရမည်။

နှလုံးအဆို့ရှင်များ ရောဂါဖြစ်ပါက ခွဲစိတ်ကုသရတတ်သည်။

လေးဖက်နာရောဂါကာကွယ်ခြင်း

(၁) ကနဦး လေးဖက်နာရောဂါ မဖြစ်ရန် ကာကွယ်ခြင်း Streptococcusပိုးကြောင့် လည်ပင်းနာပါက ပိုးသတ်ဆေး ကျွေး၍ ပိုးကိုသုတ်သင်နိုင်လျှင် လေးဖက်နာ ဖြစ်မလာပါ။

(၂) လေးဖက်နာဖြစ်သည်တွင် နောက်ထပ်မဖြစ်အောင် ကာကွယ်ရန် သုံးပတ်တစ်ကြိမ် ပင်နီဆီလင်ကာကွယ်ဆေးကို ထိုးရမည်။ လေးဖက်နာဖြစ်သော်လည်း နှလုံးရောင်ခြင်းမရှိသူများအတွက် အသက်(၁၈)နှစ်အထိ သို့မဟုတ် နောက်ဆုံးအဆစ်ကိုက် ကင်းဝေးပြီး ငါးနှစ်အထိ ကာကွယ်ဆေးပေးရန် လိုအပ်ပါသည်။ လေးဖက်နာ နှလုံးရောင်သူများအတွက် အသက်(၂၅)နှစ်အထိသော်လည်းကောင်း၊ နောက်ဆုံးလေးဖက်နာဖြစ်ပြီး ၁၀နှစ်အထိ သော်လည်းကောင်း ကာကွယ်ဆေးပေးရမည်။ လေးဖက်နာ အဆို့ရှင်ရောဂါနှင့် ခွဲစိတ်ကုသခံပြီးသော လူနာများသည် တစ်သက်တာလုံး ကာကွယ်ဆေးပေးရန် လိုသည်။

(၃) ပင်နီဆီလင် မတည့်သူများအတွက်မူ Erythromycin နှင့် Sulphonamide များ ပေးနိုင်သည်။

လေးဖက်နာရောဂါသည် မြန်မာနိုင်ငံတွင် ယခင်ကထက် ဖြစ်ပွားနှုန်းလျော့လာသော်လည်း လေးဖက်နာနှလုံးရောဂါ လူနာပမာဏမှာ မနည်းလှပါ။ ငယ်ရွယ်သူကလေးများနှင့် လူရွယ်များတွင် အဓိက ဖြစ်နေသည့်အတွက် လုပ်အားဆုံးရှုံးသည်သာမက ကျန်းမာရေးပြဿနာ တစ်ခုလည်းဖြစ်နေသည်။ Streptococcus ပိုးကြောင့် လည်ချောင်းနာခြင်းမှ စသည်ကို ခိုင်မာစွာ အထောက်အထားရရှိထားသဖြင့် ကာကွယ်ရန် မခက်လှပါ။

သန့်ရှင်းသောပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြင့် လည်ချောင်းနာခြင်းကို ကာကွယ်နိုင်သည်။ လည်ချောင်းနာဖြစ်လာလျှင်လည်း အချိန်မီ လုံလောက်သောပိုးသတ်ဆေးပေးခြင်းဖြင့် နောက်ဆက်တွဲ လေးဖက်နာရောဂါဖြစ်မလာအောင် ကာကွယ်နိုင်သည်။ လေးဖက်နာရောဂါဖြစ်လာသည့်တိုင် လိုအပ်သည့် နှစ်ကာလ အတိုင်းအတာအထိ ကာကွယ်ဆေးပေး၍လည်း ဆိုးရွားသော နောက်ဆက်တွဲ နှလုံးအဆို့ရှင်ရောဂါများကို ကာကွယ်နိုင်သည်။ ။

သန့်ရှင်းသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြင့် လည်ချောင်းနာခြင်းကို ကာကွယ်နိုင်။ လည်ချောင်းနာ ဖြစ်လာလျှင်လည်း အချိန်မီ လုံလောက်သော ပိုးသတ်ဆေး ပေးခြင်းဖြင့် နောက်ဆက်တွဲ လေးဖက်နာ ရောဂါ ဖြစ်မလာအောင် ကာကွယ်နိုင်။ လေးဖက်နာရောဂါ ဖြစ်လာသည့်တိုင် လိုအပ်သည့် နှစ်ကာလ အတိုင်းအတာအထိ ကာကွယ်ဆေး ပေး၍လည်း ဆိုးရွားသော နောက်ဆက်တွဲ နှလုံးအဆို့ ရှင် ရောဂါများကို ကာကွယ်နိုင်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ကို ဆေးလိပ်ကင်းစင်သော မြို့အဖြစ်သတ်မှတ်ရေးအတွက် လှုံ့ဆော်အသိပေးစာတန်းပါရှိသည့် ဘတ်စ်ကားတစ်စီးကို မတ် ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘယ်လ်ဂျီယံအရှေ့ပိုင်းနှင့်တောင်ပိုင်း ဥမင်ရထားလမ်း ဖွင့်လှစ်

ဘရပ်ဆဲယ် မတ် ၂၈

ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းအန့်ဝပ်ဆိပ်ကမ်းမြို့သို့ ဆက်သွယ်ထားသော မြေအောက်ရထားဥမင်ကို မတ် ၂၃ရက်က ဖွင့်လှစ်လိုက်သည်။

ယင်းရထားလမ်း ပေါ်ထွက်လာသဖြင့် အန့်ဝပ်နှင့် နယ်သာလန်အကြား အမြန်ရထားနှင့် ယှဉ်ပြိုင်မည့် ရထားလမ်းတစ်ခု ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

ဤဥမင်ရထားလမ်းပေါ်ထွက်လာရန်အတွက် ဖောက်လုပ်ချိန် ကိုးနှစ်အချိန်ရယူပြီး ယူရိုငွေ ၇၆၅သန်းသုံးစွဲခဲ့ရသည်။ အန့်ဝပ်တောင်နှင့်မြောက်ကို ဆက်သွယ်ပေးထားသော ယင်းရထားဥမင်လမ်းသည် လေးကီလိုမီတာရှည်လျားပြီး မြေအနက် ၁၈ မီတာတွင်တည်ရှိသည်။ ကနဦးအခြေအနေတွင် တစ်ရက်လျှင် ထိုဥမင်ကို ရထားစင်းရေ ၇၀ သာ အသုံးပြုမည်ဖြစ်သော်လည်း နှစ်ကုန်ပိုင်းသို့ ရောက်လာသောအခါ ယင်းဥမင်ကိုအသုံးပြုပြေးဆွဲမည့် ရထားစင်းရေသည် ပိုမိုများပြားလာမည်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှား၌ ဒီအင်အေ ဓာတ်ခွဲခန်းဖွင့်

ဂျကာတာ မတ် ၂၈

အင်ဒိုနီးရှားနိုင်ငံ ရဲတပ်ဖွဲ့သည် ဒီအင်အေဓာတ်ခွဲခန်းသစ်ကို တနင်္လာနေ့က ဖွင့်လှစ်ခဲ့ကြောင်း၊ မှုခင်းဆေးပညာဆိုင်ရာအဖွဲ့၏ လုပ်ငန်းများကို အထောက်အကူပြုရန် သြစတြေးလျနိုင်ငံရဲတပ်ဖွဲ့က ယင်းဓာတ်ခွဲခန်းကို ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အထောက်အပံ့ဖြစ်

ဒီအင်အေ ဓာတ်ခွဲခန်းသုံးကိရိယာမှာ သြစတြေးလျနိုင်ငံမှ အထောက်အပံ့ဖြစ်ပြီး သြစတြေးလျဒေါ်လာ နှစ်သန်းတန်ကြောင်း အမျိုးသားရဲတပ်ဖွဲ့ အကြီးအကဲ ဆူတန်တို၏ ပြောကြားချက်ကို ကိုးကားလျက် ဒီတစ်ကွန်ဝက်ဘ်ဆိုက်က ဖော်ပြသည်။

ထိန်းသိမ်းထား

အရှေ့ဂျကာတာရှိ ဓာတ်ခွဲခန်းသစ်သည် ဒီအင်အေစစ်ဆေးမှုများအပြင် တစ်နိုင်ငံလုံးမှ ပြစ်မှုကျူးလွန်သူများ၏ အချက်အလက်များကို မှတ်တမ်းတင်ထားရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးမှောင်ခိုသမားများနှင့် အကြမ်းဖက်သမားများကဲ့သို့သောပြစ်မှုကြီးကျူးလွန်သူများ၏ ဒီအင်အေမှတ်တမ်းများကိုလည်း ထိန်းသိမ်းထားမည် ဖြစ်ကြောင်း ဆူတန်တိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရေမြောင်းအတွင်းသို့ ထရပ်ကားထိုးကျ ရှစ်ဦးသေဆုံး

ဒါကာ မတ် ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် တနင်္ဂနွေနေ့က လမ်းဘေးရေမြောင်းအတွင်းသို့ ထရပ်ကားတစ်စီး ထိုးကျသွားခဲ့သဖြင့် အလုပ်သမားရှစ်ဦးထက်မနည်း သေဆုံးပြီး ကိုးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံ ယူအင်ဘီသတင်းဌာနက ဖော်ပြသည်။

ဘိလပ်မြေအိတ်များ တင်ဆောင်လာသည့် ကုန်တင်ထရပ်ကား တစ်စီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်းဆီရာဂန်ခရိုင်နှင့် ဆက်သွယ်ထားသည့် လမ်းပေါ်ရှိ တံတားတစ်စင်းပေါ်မှ ရေမြောင်းအတွင်းထိုးကျခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ထရပ်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အလုပ်သမား ၁၀ဦးအနက် ခုနစ်ဦးမှာ ထိုနေရာမှာပင် သေဆုံးသည်ဟုသိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကျောင်းကပွဲတစ်ခုတွင် ကလေးငယ်များ ပါဝင်တင်ဆက်နေကြသည်ကို မတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ပျက်ကျသွားသော ဘီလာရုစ်နိုင်ငံပိုင် ကုန်တင်လေယာဉ်၏ အပျက်အစီးများကို မတ် ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်က စတင်တိုက်ခိုက်ခြင်းမပြုရန် အီရန်သတိပေး

တီဟီရန် မတ် ၂၈

အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် တစ်စုံတစ်ရာ တိုက်ခိုက်ခြင်း မပြုလုပ်ရန် အီရန် စစ်ဘက်အထက်တန်းအရာရှိတစ်ဦးက တနင်္လာနေ့တွင် သတိပေးစကားပြောကြားခဲ့သည်။

အီရန်နိုင်ငံအပေါ် ဗျူကလီးယားကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂတွင် တားဆီး ပိတ်ပင်သွားရန် ဆုံးဖြတ်ချက်ချအပြီး နှစ်ရက်အကြာတွင် အထက်ပါသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံကိုစစ်ရေးအရ စတင်တိုက်ခိုက်လာပါက ထိုစစ်ပွဲကို စတင်ဆင်နွှဲသူသည် စစ်ပွဲကိုပြီးဆုံးအောင် ဆောင်ရွက်နိုင်မည်မဟုတ်ဟူသောအချက်ကို သိထားသင့်သည်ဟု မိုဘာဇာဆာဖာရီက ပြောကြားကြောင်း အစ်နာသတင်းဌာနက ဖော်ပြသည်။

၎င်းသည်အီရန်တော်လှန်ရေးအစောင့်ရေတပ်ဖွဲ့၏ စစ်ဦးစီးမှူးဖြစ်သည်။ အမေရိကန် တပ်ဖွဲ့ဝင်များအား အီရန်မြေပေါ်သို့ခြေချခွင့်ကို အီရန်ပြည်သူများက မည်သည့်အခါတွင်မျှ ပေးလိမ့်မည်မဟုတ်ဟု ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံနှင့်ပတ်သက်သော ဗျူကလီးယားစွမ်းအင်ဆိုင်ရာ တင်းမာသည့်ပြဿနာကြောင့် ကမ္ဘာ့ဈေးကွက်၌ ရေနံနှင့် ရွှေဈေးများတက်သွားခဲ့သည်။ အီရန်နိုင်ငံသို့ လက်နက်များမရောင်းချရန်နှင့် ဘဏ္ဍာရေးဆိုင်ရာပိတ်ဆို့မှုများ ပြုလုပ်သွားရန် ပြီးခဲ့သောနှစ်ရက်က ကုလသမဂ္ဂအစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်သူတစ်ဦး အီဂျစ်၌တွေ့ရှိ

ကိုင်ရို မတ် ၂၈

အီဂျစ်နိုင်ငံ၌ လူတွင် ဖြစ်ပွားတတ်သည့်ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသူ လူနာသစ်တစ်ဦးကို တွေ့ရှိခဲ့ကြောင်း၊ နိုင်ငံတွင်း၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၂၇ဦးရှိပြီဖြစ်ကြောင်း နိုင်ငံပိုင် အမ်အီးအင်အေသတင်းဌာနက တနင်္ဂနွေနေ့၌ ဖော်ပြသည်။

ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူမှာ အသက်သုံးနှစ်အရွယ်ရှိ မိန်းကလေး တစ်ဦးဖြစ်ကြောင်း အီဂျစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒယ်လ်ရာမန်ရှာဟင်းကပြောကြားသည်။

အဆိုပါ မိန်းကလေးမှာ ဟာဂါမိုဟာမက်အဝါဒါလာဆိုသူ ဖြစ်ပြီး အီဂျစ်နိုင်ငံတောင်ပိုင်း အဆွမ်ပြည်နယ်မှ လာရောက်သူဖြစ်သည်။ ၎င်းသည် ရောဂါဖြစ်ပွားနေသည့် ကြက်ငှက်များနှင့် တိုက်ရိုက်ထိတွေ့မှုကြောင့် ကူးစက်ခံရခြင်းဖြစ်ကြောင်း ရှာဟင်းက ပြောကြားသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

ပြည်တွင်းဖြစ်ဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်လွှတ်

ဘာလာဆိုး မတ် ၂၈

အိန္ဒိယပြည်တွင်းဖြစ် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းကို ချန်ဒီပူဒေသရှိ ဒုံးကျည်စမ်းသပ် ပစ်လွှတ်သည့်နေရာ(အိုင်တီအာ)မှ ပစ်လွှတ်ခဲ့ကြောင်း ပီတီအိုင်သတင်းအရ သိရှိရသည်။

ဘာလာဆိုးမြို့မှ ၁၅ ကီလိုမီတာခန့်ဝေးကွာသည့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်ရေးစခန်းမှ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ၅၆ မိနစ်တွင် စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟု ကာကွယ်ရေးသတင်းရပ်ကွက်က ပြောကြားသည်။

အက်စထရာဟူ၍အမည်ပေးထားသော အဆိုပါဒုံးကျည်သည် ကီလိုမီတာ ၈၀ အကွာအဝေးအထိ ပစ်နိုင်ပြီး ပစ်လွှတ်သည့် အရှိန်သည် အသံအမြန်နှုန်း၏ သုညဒသမ ၆ ဆမှ ၂ ဒသမ ၂ ဆအထိရှိမည်ဟု မှန်းဆရပြီး အဆိုပါဒုံးကျည်၏ အရှည် ၃၅၇၀ မီလီမီတာနှင့် အချင်း ၁၇၈ မီလီမီတာ ရှိသည်ဟု အဆိုပါ သတင်းရပ်ကွက်က ပြောကြား သည်။

ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့နှင့် အိုင်တီအာမှ သိပ္ပံပညာရှင်များပါဝင်သည့်အဖွဲ့သည် အဆိုပါ ဒုံးကျည်စမ်းသပ်ပစ်လွှတ်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။

အမ်အင်အေ၊ ပီတီအိုင်။

ကားမောင်းရင်းဆေးလိပ်မသောက်ရန် နယူးဒေလီတွင် အမိန့်ထုတ်ပြန်

နယူးဒေလီ မတ် ၂၇

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ယာဉ်တိုက်မှုများကြောင့် နှစ်စဉ် လူပေါင်းများစွာ သေဆုံးနေမှုကို လျှော့ချနိုင်ရန် မော်တော်ယာဉ်မောင်းနှင်ရင်း ဆေးလိပ်သောက်ခြင်းကို တနင်္လာနေ့မှစ၍ တားမြစ်ပိတ်ပင်လိုက်ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

မော်တော်ယာဉ်မောင်းရင်းဆေးလိပ်သောက်က ရူပီးငွေ ၅၀၀ (အမေရိကန် ၁၀ ဒေါ်လာ) ဒဏ်တပ်ခံရမည်ဟု ဒေလီတရားရုံးချုပ်က အမိန့်ထုတ်ပြန်ထားသည်။

နယူးဒေလီ၌ လမ်းမများပေါ်တွင် နှစ်စဉ် ယာဉ်တိုက်မှု ၈၀၀၀ ကျော်ဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၀၀၀ ခန့် သေဆုံးခဲ့သည်ဟု ဒေလီယာဉ်ထိန်းရဲတပ်ဖွဲ့က ပြောကြားသည်။

နိုင်ငံပိုင် ဘတ်စ်ကားများနှင့် အငှားယာဉ်များအပါအဝင် ပြည်သူ့သယ်ယူပို့ဆောင်ရေးဌာနမှ ယာဉ်မောင်းများအနေဖြင့် ကျောင်းပညာကို အနည်းဆုံး ၁၂ နှစ်သင်ကြားပြီးစီးရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် အမည်ပါရှိသည့် ရင်ထိုးတံဆိပ်များ တပ်ဆင်ထားရမည်ဟု အဆိုပါတရားရုံးက အမိန့်ထုတ်ပြန်ထားသည်။

ထို့ပြင် ဒေလီမြို့ရှိလမ်းမများပေါ်တွင် ဆူညံသည့်ဟွန်းသံနှင့် တေးဂီတဟွန်းသံတို့ကိုလည်း အသုံးမပြုရန် ပိတ်ပင်ထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရန်၏ နျူပြဿနာ ငြိမ်းချမ်းစွာဖြေရှင်းရန် ပါကစ္စတန် လိုလား

အစ္စလမ္မာဘတ် မတ် ၂၈

အီရန်နိုင်ငံအား တိုက်ခိုက်ရန် ကြိုးပမ်းမှုကို ပါကစ္စတန်နိုင်ငံက ဆန့်ကျင်ကြောင်းပြောကြားပြီး အီရန်နိုင်ငံ၏ အငြင်းပွားနေသည့် နျူကလီးယားပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းကြရန်လိုလားကြောင်း ပြောကြားသည်။

ငြိမ်းချမ်းစွာဖြေရှင်းရန်

အီရန်နှင့်ပတ်သက်သည့် ပါကစ္စတန်၏မူဝါဒကို ကမ္ဘာကသိရှိပြီးဖြစ်ကြောင်း၊ အီရန်ကိုတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ မိမိတို့ကဆန့်ကျင်ပြီး အီရန်၏နျူကလီးယားပြဿနာအပေါ် ငြိမ်းချမ်းစွာဖြေရှင်းကြရန် မိမိတို့လိုလားကြောင်း နိုင်ငံခြားရေးဝန်ကြီး ခါရှစ်မာမွတ်ကာဆူရီက သတင်းထောက်များသို့ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂက အရေးယူပိတ်ဆို့မှုပြုလုပ်စဉ် ယင်းသို့ပါကစ္စတန်၏ တုံ့ပြန်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် တရုတ်၊ အမေရိကန်နိုင်ငံတို့နှင့် ဆက်ဆံရေးကောင်းမွန်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

တရုတ်နိုင်ငံ နန်ကျင်းမြို့ မော်တော်ယာဉ်ပြပွဲတွင် မော်တော်ယာဉ်များ ပြသထားသည်ကို မတ် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်တရုတ်ပင်လယ်၌ ဗီယက်နမ်ကုန်တင်သင်္ဘောနစ်မြုပ်

နန်နင်း မတ် ၂၈

တရုတ်နိုင်ငံ တောင်ပိုင်းပင်လယ်၌ နစ်မြုပ်သွားသော ကုန်တင်သင်္ဘောပေါ်မှ ဗီယက်နမ်သင်္ဘောသား ခုနစ်ဦးကို ကယ်တင်ခဲ့ကြောင်း၊ ၎င်းတို့ ကျန်းမာရေး အခြေအနေမှာ စိုးရိမ်ဖွယ်မရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက မတ် ၂၇ရက်တွင် ပြောကြားသည်။

သတင်းရရှိ

ဗီယက်နမ်ကုန်တင်သင်္ဘောနှင့်အခြားသင်္ဘောတို့ တိုက်မိပြီးနောက် အဆိုပါ ဗီယက်နမ်သင်္ဘော နစ်မြုပ်သွားသည့်သတင်းကို ကွမ်ကျိုးရေကြောင်း လုံခြုံရေးဌာနနှင့် ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့က မတ် ၂၆ရက် ညနေ ၅ နာရီ ၅၁ မိနစ်တွင် သတင်းရရှိသည်။

အမြန်စေလွှတ်

အခင်းဖြစ်ပွားရာနေရာသို့ကယ်ဆယ်ရေး သင်္ဘောကို အလျင်အမြန်စေလွှတ်ပြီး တစ်နာရီအတွင်း ဗီယက်နမ်ကုန်တင်သင်္ဘောကို တွေ့ရှိခဲ့သည်။ ယင်းသင်္ဘော လုံးဝနစ်မြုပ်မသွားမီ သင်္ဘောသားအားလုံးကို ကယ်တင်နိုင်ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးကြောင့် ကြက်၊ဘဲနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ရောင်းအားကျ

ဒါကာ မတ်၂၇

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်၊ဘဲတိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများရောင်းဝယ်မှု ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဒေသခံ ဖိုင်နင်ရှယ် အိပ်စ်ပရက်စ် သတင်းစာက တနင်္လာနေ့တွင်ရေးသားသည်။

၂၀ရာခိုင်နှုန်းကျဆင်း

ဖော်ပြပါ ရောဂါကြောင့် ကြက်၊ဘဲ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း အရောင်းအဝယ်သည် လွန်ခဲ့သည့် သုံးရက်အတွင်း ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ် အိမ်မွေးတိရစ္ဆာန်အသင်းဥက္ကဋ္ဌဖြစ်သူ မိုရှီရာ ရာမန်က ပြောကြားသည်။

ဈေးများတွင် ကြက်နှင့် ကြက်ဥ အရောင်း သိသာစွာ ကျဆင်းခဲ့ပြီး ဒါကာမြို့မှ ၂၅ ကီလိုမီတာဝေးသည့် ဆာဗာဒေသတစ်ဝိုက်တွင် ပိုမိုကျဆင်းခဲ့သည်။ ယင်းဒေသရှိ ကြက်ငှက်တုပ်ကွေး ဖြစ်ပွားခဲ့သည့် ကြက်ငှက်မွေးမြူရေးခြံ ခြောက်ခုအနက် လေးခုသည် တစ်ခုနှင့်တစ်ခု သုံးကီလိုမီတာအကွာတွင် တည်ရှိကြသည်။

ဖျက်ဆီး

ဝယ်ယူပြီး ကြက်၊ဘဲတိရစ္ဆာန်များကို အန္တရာယ်မရှိစေရန်အတွက် သတ်ဖြတ်မြှုပ်နှံခဲ့ပြီး ပုဂ္ဂလိကမွေးမြူရေးခြံငါးခုမှ ကြက်၊ဘဲတိရစ္ဆာန် ၃၂၀၀၀ ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရက ကြက်ငှက်တုပ်ကွေးရောဂါ မတ် ၂၂ ရက်တွင် ဖြစ်ပွားခဲ့သည်ဟု ကြေညာခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဗင်ဇွဲလားတောင်မှ ဆင်တိုက်ခိုက်မှုခံရသဖြင့် ဗြိတိသျှခရီးသည်နှစ်ဦး သေဆုံး

ဟာရာရေး မတ် ၂၈

ဗြိတိန်နိုင်ငံမှ ခရီးသည်နှစ်ဦးသည် ဇင်ဘာဘွေနိုင်ငံတွင်တောအတွင်း ခရီးထွက်စဉ် ဆင်တစ်ကောင်၏ တိုက်ခိုက်ခြင်းခံရသဖြင့် သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင် ဟာရယ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါဖြစ်ရပ်သည် ဇင်ဘာဘွေနိုင်ငံ၏ အနောက်ဘက်နယ်စပ်နှင့် ဘော့ဆွာနာနိုင်ငံ နယ်စပ်တို့ထိစပ်ရာ ဟွမ်ဂျီအမျိုးသားဥယျာဉ်တွင် စနေနေ့က ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ အခြားအသေးစိတ်အကြောင်းအရာများ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ထိခိုက်ဒဏ်ရာရရှိသူကို ဘူလာဝါယိုဆေးရုံသို့ အလျင်အမြန်တင်ပို့ထားသည်။ ခရီးသွားလမ်းညွှန်များဘက်မှ ချွတ်ယွင်းမှုရှိ၊ မရှိ မိမိတို့က စုံစမ်းနေသည်ဟု ရဲဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဗီတာရယ်က သတင်းစာသို့ ပြောကြားသည်။ ဇင်ဘာဘွေနိုင်ငံ အမျိုးသားဥယျာဉ်များအတွင်းရှိ ခရီးသွားလမ်းညွှန်များသည် ခရီးသွားဧည့်သည်များအား ဆင်၊ ကြံ့နှင့်မိကျောင်းများ၏ရန်မှ ကာကွယ်ရန်အတွက် လက်နက်များ ကိုင်ဆောင်ထားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာရှရေနံနှင့် ဓာတ်ငွေ့ဆိုင်ရာညီလာခံ မလေးရှား၌ ကျင်းပမည်

ကွာလာလမ်ပူ မတ် ၂၇

မလေးရှားနိုင်ငံသည် (၁၂)ကြိမ်မြောက် အာရှရေနံနှင့် ဓာတ်ငွေ့ဆိုင်ရာ ညီလာခံ (အေအိုဂျီစီ)ကို ဇွန်လ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းရပ်ကွက်က တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါ နှစ်ပတ်လည်ညီလာခံကို ကွာလာလမ်ပူညီလာခံခန်းမတွင် ဇွန်လ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းကဏ္ဍများ တွေ့ကြုံနေရသည့် ပြဿနာများနှင့် စိန်ခေါ်မှုများကို ညီလာခံတွင် ဆွေးနွေးကြမည်ဖြစ်ကြောင်း အေအိုဂျီစီ၏ ထုတ်ပြန်ချက်ကို ကိုးကားလျက် နယူးစထရိတ်တိုင်းစ် သတင်းစာက ဖော်ပြသည်။

ထို့ပြင် ရေနံနှင့်ဓာတ်ငွေ့ အများဆုံးပေးသွင်းသည့် အရှေ့အလယ်ပိုင်းဒေသနှင့် ရေနံနှင့် ဓာတ်ငွေ့ အများဆုံးဝယ်ယူသည့် အာရှတိုက်တို့ ရင်ဆိုင်နေရသည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။ ယင်းညီလာခံကို မလေးရှားနိုင်ငံ ပီထရိုနတ်စ် ရေနံကုမ္ပဏီက စီစဉ်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လော့စ်အိန်ဂျလိစ် လေဆိပ်တွင် ခရီးသည်ပစ္စည်းများခိုးယူမှုဖြစ်ပွား

လော့စ်အိန်ဂျလိစ် မတ် ၂၆

လော့စ်အိန်ဂျလိစ်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်များ၏ ဝန်စည်စလယ်များထဲမှ ပစ္စည်းများခိုးယူမှုဖြင့် ၁၁ ဦးကို ဖမ်းဆီးလိုက်ကြောင်း သောကြာနေ့တွင်ထွက်ပေါ်လာသော သတင်းကဖော်ပြသည်။

ထိုခိုးမှုများအနက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ဟီလတန်ဟိုတယ်မှပေးပို့လိုက်သော ခရီးဆောင်ပစ္စည်းများအတွင်းမှ ဒေါ်လာ ၁၀၀၀၀၀တန် နာရီခိုးယူမှုလည်း ပါဝင်သည်။

သူခိုးအဖြစ်သင်္ကာမကင်းခံရသူများတွင် အမေရိကန် သယ်ယူပို့ဆောင်မှုလုံခြုံရေးနှင့် ကြီးကြပ်ရှာဖွေရေးဌာန (တီအက်စ်အေ)မှ ဝန်ထမ်းနှစ်ဦးလည်း ပါဝင်သည်။ ၎င်းတို့သည် အာရ်အင်ဘီအဖွဲ့မှအဆိုတော်ကေရှီယားကိုးလ်၏ နာရီကိုခိုးယူမှုဖြင့် အစွပ်စွဲခံရခြင်းဖြစ်သည်။

လေဆိပ်များ၌ ဖြစ်ပေါ်နေသော ပြစ်မှုများပပျောက်ရေး အစီအစဉ်အရ ဖော်ပြပါ အရေးယူမှုများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ သင်္ကာမကင်းခံရသည့် ဝန်ထမ်းများအနက် တစ်ဦးသည် အသက် ၂၇ နှစ်ရှိသူ ဂျောဂျ်ပါနာရန်ဒါဆိုသူ ဖြစ်သည်။ ၂၀၀၆ ခုနှစ် မေလအတွင်းက ၎င်းမှာ ခရီးသည်၏ အိတ်အတွင်းမှ နာရီအား နှိုက်ယူခဲ့သည်ကိုအခြားဝန်ထမ်းတစ်ဦးက တွေ့မြင်ခဲ့သည်။

၎င်းအားစစ်ဆေးသည့်အခါ အပြစ်ရှိကြောင်း ပေါ်ပေါက်ပါက အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ကျခံရမည်ဖြစ်ပြီး ငွေဒဏ်လည်းဒေါ်လာ ၁၀၀၀ ပေးဆောင်ရမည်ဟုဆိုသည်။ ဖော်ပြပါ ဝန်ထမ်းနည်းတူ အခြားသော ခိုးမှုကျူးလွန်သူများကိုလည်း အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မာဒါဂါးစကားကျွန်းရှိ အမ်ဘန်ဂျာမြို့တွင် မြေပြိုမှုကြောင့် နေအိမ်များ ပျက်စီးနေသည်ကို မတ် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ မုတ်သုံတောတွင်း၌ တွေ့ရသော ရှားပါးသည့် ကျားသစ်မျိုးစိတ်သစ်တစ်ကောင်ကို မတ် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေစပါးနှင့် နွေနှမ်းစိုက်ပျိုးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

မန္တလေး မတ် ၂၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မန္တလေးခရိုင် အမရပူရမြို့နယ်အတွင်းရှိ နတ်ရေကန်ကျေးရွာ၊ ဆောက်တောဝကျေးရွာနှင့် မကျီးအိုင်ကျေးရွာအတွင်းရှိ တောင်သူဦးကြီးများ၏ နွေစပါးနှင့် နွေနှမ်းစပါးစိုက်ပျိုးမှုအခြေအနေများကို မတ် ၂၃ ရက်နံနက် ၁၁ နာရီက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ ကွင်းအမှတ်(၅၈၀)ရှိ တောင်သူ ဦးထီ၏ နွေစပါးစိုက်ကွင်းသို့ ရောက်ရှိပြီး ရေဆင်းလုံးသွယ်နှင့် မနောသုခ နွေစပါးစိုက်နေမှု၊ စိုက်ပျိုးပြီး နွေစပါးစိုက်ခင်းများအား ဓာတ်မြေဩဇာ ထည့်သွင်းမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူးသည် ကွင်းအမှတ်(၅၈၀/ခ)ရှိ တောင်သူ ဦးမြင့်ဝေ၏လယ်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နွေစပါးစိုက်ပျိုးနေမှု အခြေအနေ၊ ရေတင်၊ မြေပြင်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ကြင်က သတ်မှတ်ချိန်အပြီး လျာထားဧက ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

တိုင်းမှူးက နွေစပါးကို သတ်မှတ်ချိန်အတွင်း အပြီးစိုက်ပျိုးရေး၊ စိုက်ပျိုးပြီး စပါးများကိုလည်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ ပက်ဖျန်းကျွေးမွေးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် အလေးထားကြိုးပမ်းရေး မှာကြားသည်။

ထို့နောက် တမုတ်ဆိုးမြောင်းလက်တံမှ ရေတင်ပြီး လယ်ယာ ၁၆လယ်ယာသုံး ထွန်စက်သုံး၍ မြေပြုပြင်နေမှုများ၊ ကောက်စိုက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဆောက်တောဝကျေးရွာ ကွင်းအမှတ်(၅၈၀)ရှိ တောင်သူ ဦးအောင်ဇံ၏ လယ်သို့ ရောက်ရှိပြီး ကုလားပဲများ ရိတ်သိမ်းထားရှိမှုနှင့် နွေနှမ်းစိုက်ပျိုးရန်အတွက် ပြင်ဆင်ထားသော နွေနှမ်းမျိုးများ၊ အသုံးပြုမည့်ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေးရည်များကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နွေနှမ်းစိုက်ပျိုးရန်အတွက် မြေပြုပြင်မှု၊ ရေတင်နေမှု၊ စိုက်ပျိုးမည့် နှမ်းမျိုးစေ့များ ပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဆည်တော်ကြီးဆည်ရေသောက် နွေနှမ်းပန်းတိုင် အထွက်တိုးရေးအတွက် အလေးထားဆောင်ရွက်ရေး၊ မျိုးကောင်းမျိုးသန့်နှမ်းများ ရွေးချယ်စိုက်ပျိုးရေး မှာကြားသည်။

ဆက်လက်၍ ရိတ်သိမ်းပြီးသော ကုလားပဲများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် အဆိုပါကွင်း၌ တောင်သူ ဦးဝင်းမော်၏ နွေစပါးစိုက်ခင်းတွင် မျိုးယှဉ်ပြိုင်စိုက်ကွက်၊ ဓာတ်မြေဩဇာ ပက်ဖျန်းနေမှုနှင့် မကျီးကိုင်းကျေးရွာ ကွင်းအမှတ်(၅၇၇/က)၌ တောင်သူ ဦးအုန်းမောင်၏ နွေစပါးစိုက်ခင်းနှင့် တမုတ်ဆိုးကျေးရွာ သာလာအေးကွင်းအမှတ်(၅၇၀/ခ)၌ တောင်သူ ဦးထွန်းထွန်းဦး၏ လယ်မြေတွင် စိုက်ပျိုးပြီး နွေစပါးများအား ဓာတ်မြေဩဇာ ပက်ဖျန်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး တိုင်းမှူးက စိုက်ပျိုးစပါးများအား စနစ်တကျပြုစုပျိုးထောင်ရေး၊ ပျိုးပင်များကိုလည်း စိုက်ကွက်အတွင်း သတ်မှတ်ကွာဝေးနှုန်းထားများအတိုင်း စိုက်ပျိုးရေး၊ ပျိုးပင်များ လေလွင့်မှု မရှိစေရေးတို့အတွက် ဂရုပြု ဆောင်ရွက်ကြရေး၊ ဆည်ရေသောက်လယ်များဖြစ်၍ ရရှိသည့်ရေကို အကျိုးရှိရှိ အသုံးချရေး၊ ရေနုတ်မြောင်းအားဖြတ်ကျော်၍ လယ်အတွင်းသို့ အဝင်၊အထွက်ပြုသည့်နေရာများတွင် တံတားထိုး၍ ရေစီးအဟုန် နှောင့်နှေးမှု မရှိစေရေးတို့အတွက် ဆောင်ရွက်ကြရေး မှာကြားပြီး တမုတ်ဆိုးရေမြောင်းဘေး ဝဲယာရှိ စိုက်ပျိုးပြီး နွေစပါး၊ စိုက်ပျိုးလျက်ရှိ နွေစပါးများနှင့် စိုက်ပျိုးရန် မြေပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာသွားသည်။

အမရပူရမြို့နယ်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးရန် လျာထားသော ဧကစုစုပေါင်းမှာ ဧက ၁၁၃၉၀၊ စိုက်ပျိုးပြီး ဧက ၈၂၀၇ ဖြစ်သဖြင့် စုစုပေါင်း ၇၂ ဒသမ ၀၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကာ ၂၀၀၆-၂၀၀၇ ခုနှစ် နွေနှမ်းစိုက်ပျိုးရန် လျာထားဧကမှာ ဧက ၇၈၀၀၊ မြေပြင်ပြီး ၂၆၅၁ဧက၊ စိုက်ပြီး ၃၈၁ဧကဖြစ်ပြီး သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

နှစ်ဆန်း(၁)ရက်တွင် ငါးသားပေါက်များ ရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန်နှိုးဆော်

အသားစားကြူးသော အာဖရိကငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ၊ ချောင်းများနှင့် သဘာဝရေပြင်များတွင် ပျံ့နှံ့သွားပါက အခြားငါး၊ ပုစွန် စသော ရေနေသတ္တဝါများ မျိုးပြုန်းတီးမှုဖြစ်ပေါ်စေနိုင်သဖြင့် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁)ဖြင့် အာဖရိကငါးခူများမွေးမြူခြင်း၊ ရောင်းချခြင်းမပြုရန် တားမြစ်မိန့် ထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ရာတွင် နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်း(၁)ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူသားပေါက်များကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ရောင်းချလျက်ရှိကြောင်း တွေ့ရှိနေရသည်။

သို့ဖြစ်၍ ဥပဒေဖြင့် တားမြစ်ထားသော အာဖရိကငါးခူသားပေါက်များကို ရောင်းချခြင်းမပြုနိုင်ရန်အတွက် ၁၃၆၉ခုနှစ် သင်္ကြန်နှစ်ဆန်း(၁)ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲအတွက် ငါးသားပေါက်များရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲ ဆင်မင်းလမ်း အလုံမြို့နယ်တွင် ကြိုတင်ခွင့်ပြုချက်လျှောက်ထားကြရမည်ဖြစ်သည်။

ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်တိုင်း လှော်ကားငါးလုပ်ငန်းစခန်း၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း၊ တွံတေးငါးလုပ်ငန်းစခန်း၊ မြို့နယ်ငါးလုပ်ငန်းစခန်းများနှင့် ဖုန်း-၀၁-၂၂၂၉၆၂၊ ၂၂၈၆၂၄၊ ၂၁၁၃၈၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉၊ ၀၉-၅၁၁၀၁၂၈တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ထို့အပြင် အများပြည်သူနှင့် သက်ဆိုင်ရာနေရာ၊ ဌာနများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက် အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် မတ် ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးသိုက်ထွန်း ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စားသောက်ကုန်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ)	ဦးစိုးလှိုင် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စားသောက်ကုန်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ဂ)	ဦးသိန်းဆွေ ကျောင်းအုပ်ကြီး ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၂၉

သာသနာတော်ဆိုင်ရာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော ရောဝတီတိုင်း ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမနအား (၁၃၆၈ ခုနှစ် တန်ခူးလပြည့်) ဧပြီ ၁ ရက် (တနင်္ဂနွေနေ့)တွင် ယင်းကျောင်းတိုက်၌ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဂုဏဝိသိဋ္ဌပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဘားအံမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ရန်ကုန် မတ် ၂၉

ဘားအံမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အသင်းတည်ရာ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း မြရတနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသက်(၇၀)နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘ၊ ဘိုးဘွားများစာရင်းကို ဗိုလ်မှူးအောင်ဆန်း(ငြိမ်း) ဖုန်း-၂၀၁၄၂၀၊ ဦးစောထင်ဝင်း ဖုန်း-၅၇၀၅၅၇၊ ဦးစိုးမြင့် ဖုန်း- ၀၉ ၅၁၈၃၁၀၂၊ ဦးသန်းရွှေ ဖုန်း-၅၄၈၂၀၉၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉ ၅၀၁၆၉၂၂၊ ဦးစောကျော်ငြိမ်း ဖုန်း-၀၉ ၅၀၀၂၁၂၄၊ ဦးဉာဏ်ဝင်း ဖုန်း-၀၉ ၈၀၂၂၂၄၇၊ ဒေါ်နန်းအေးအေးမိုး ဖုန်း-၅၀၄၂၈၅တို့ထံ ဧပြီ ၈ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြရန်နှင့် သက်ကြီးပူဇော်ပွဲသို့ အသင်းဝင်များ၊ မြို့နယ်သူ၊နယ်သားမိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ အလှူငွေနှင့် ဆန်အိတ်များ လှူဒါန်း

မန္တလေး မတ် ၂၉

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ မန္တလေး ဗဟိုအမျိုးသမီး ဆေးရုံကြီးသို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၁၁ နာရီက အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြု ဆရာမများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအမျိုးသမီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက ဆေးရုံ၏ လက်ရှိဆောင်ရွက်ထားမှု အခြေအနေအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရာတွင် ညွှန်းပို့လူနာများအား လိုအပ်သော ခွဲစိတ်ကုသမှုများ ပြုလုပ်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ဆန်အိတ်များ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ **(ဝဲပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လဟယ်ရဲတပ်ဖွဲ့စခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း လဟယ်မြို့နယ် လဟယ် ရဲတပ်ဖွဲ့စခန်းသို့ရောက်ရှိ၍ လဟယ်ရဲတပ်ဖွဲ့စခန်း ဗဟိုကင်းအား ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဝန်ကြီးက နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်သော ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများတွင် မြို့များ၌သာမက ကျေးလက်များပါမကျန် ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု ယုံကြည်လေးစား အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လဟယ်မြို့နယ် လဟယ် ရဲတပ်ဖွဲ့စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်ထဲရေး)

ရွှေဘုံသာ(အောက်)လမ်းမိသားစု ဓမ္မပူဇာသဘင်တရားပွဲ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ(အောက်)လမ်း မိသားစုက တရားပွဲကျင်းပမည်ဖြစ်ရာ မတ် ၃၁ရက် ည၇နာရီတွင် အရှင်သိရိန္ဒာဘိဝံသ (ယော)ဆရာတော်၊ ဧပြီ ၁ ရက် ညနေ ၅ နာရီတွင် ကိုးဘွဲ့ရ အရှင်အာစာရ လင်္ကာရ ဆရာတော်၊ ဧပြီ ၂ ရက် ည ၇ နာရီတွင် ဓမ္မဒူတအရှင် ဆေကိန္ဒ ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက်တရား နာယူနိုင်ကြောင်း သိရသည်။ (က-ပ)

သွေးလွန်တုပ်ကွေးကာကွယ်ရေး လူထုလှုပ်ရှားမှုဆောင်ရွက်မှုနှင့် လမ်းအဆင့်မြှင့်ရေး ထပ်ပိုးလွှာခင်းကျင်းမှု မြို့တော်ဝန်ကြည့်ရှု

ရန်ကုန် မတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို မတ် ၂၈ရက် နံနက်၇နာရီတွင် မရမ်းကုန်းမြို့နယ်၌ပြုလုပ်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဗိုလ်ဉာဏလမ်းနှင့် ဝိဇ္ဇာလမ်းတို့၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင် ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးငွေ့မှုတ်ခြင်း၊ ရေစည်ရေကန်များအတွင်း ABADE ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြသခြင်းနှင့် ရောဂါကာကွယ်တားဆီးရေး ကျန်းမာရေး အသိပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြပြီး ရပ်ကွက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်တို့လိုက်ပါ၍ အင်းစိန်မြို့နယ်ရှိ သီရိမင်္ဂလာလမ်း အဆင့်မြှင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် စက်ယန္တရားများဖြင့် ကတ္တရာ၊ ကွန်ကရစ်ထပ်ပိုးလွှာခင်းနေမှုကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ (၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်း အဆင့်မြှင့်တင်ရေးအတွက် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာနာနာကွဒ်ဂူစီယံတီအား ခန့်အပ်ရန် သဘောတူ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာနာနာကွဒ်ဂူစီယံတီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူလိုက်ပြီး ဖြစ်သည်။

မစ္စတာ နာနာကွဒ်ဂူစီယံတီသည် ၁၉၄၁ ခုနှစ်တွင် မွေးဖွားသည်။ ၎င်းသည် ၁၉၇၁ခုနှစ်တွင် ဂါနာတက္ကသိုလ်မှ စီမံခန့်ခွဲရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ဂါနာနိုင်ငံအစိုးရနှင့် ပုဂ္ဂလိကဌာနများတွင် စီမံခန့်ခွဲရေးဆိုင်ရာ ရာထူးများကို နှစ်ပေါင်း ၄၀ ကျော် ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်သည်။ ၎င်းသည် ပြည်နယ်ဝန်ကြီးအဖြစ် ၂၀၀၃ ခုနှစ်တွင် တာဝန်ပေးအပ်ခြင်းခံရပြီး ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံတာဝန်ပေးအပ်ခြင်း ခံရသည်။

မစ္စတာ နာနာကွဒ်ဂူစီယံတီသည် ကွာလာလမ်ပူမြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာ သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။

မစ္စတာ နာနာကွဒ်ဂူစီယံတီသည် အိမ်ထောင်သည် တစ်ဦးဖြစ်သည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင် လျှပ်စစ်မီးအတွက် လှူဒါန်းနိုင်

ရန်ကုန် မတ် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေရှိ ပန်းတစ်ပွင့်တောင်တော်၊ ယက္ခတောင်တော်၊ ရသေ့တောင်တော်ပေါ်နှင့် စကြာတောင်များပေါ်တွင် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရအရှင်သူမြတ် ကြီးမှူးပြုပြင်သည့် ရှေးဟောင်း စေတီတော်များ၊ အသစ်တည်ထားသည့် စေတီတော်များနှင့် သာသနိက အဆောက်အအုံများကို လျှပ်စစ်မီးများသွယ်တန်း ပူဇော်မည်ဖြစ်ရာ ပေ ၁၀၀ရှည်အခန်း ၁၀၈ခန်းကို မီးတိုင် (ကျောက်တိုင်နှင့် ကြေးကြိုးများ၊ အလှူရှင်ကမ္ပည်းထိုးပြီး) အပါအဝင် တစ်ခန်း ကျပ်သုံးသိန်းဖြင့် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း-၀၅၅-၂၀၅၃၃၊ ၀၅၅-၂၀၂၅၉၊ ဦးမြင့်စိုး ဖုန်း-၆၆၂၃၂၈၊ ဦးစံဦး ဖုန်း-၀၉၅ ၀၁၇၈၈၇၊ ဦးကျော်ဝင်း ဖုန်း-၆၂၂၆၂၅၊ ဦးကျော်လွင် ဖုန်း-၆၉၀၃၁၉၊ ဒေါ်တင်တင်ဝင်း ဖုန်း-၆၄၃၅၈၁၊ ဒေါ်ထက်ထက်အေး ဖုန်း-၅၇၉၈၀၅၊ ဒေါ်လိန်လိန်(သံဈေး) ဖုန်း-၂၁၂၀၆၆ (လိုင်းခွဲ-၃၂၅)၊ ဒေါ်ခင်မိုးလွင် ဖုန်း-၅၀၃၉၉၃ နှင့် ဝေယျာဝစ္စ အဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် မိသားစုညစာစားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း (Myanmar Marine Engineers Association)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် မိသားစု ညစာစားပွဲကို ဧပြီ ၇ရက်(စနေနေ့) ညနေ ၆နာရီတွင် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီး ရေကြောင်းသိပ္ပံကျောင်းရှေ့ရှိ Lion City Restaurant ၌ ကျင်းပမည်ဖြစ်၍ ညစာစားပွဲလက်မှတ်များကို လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ဒေါ်ဆွေဇင် ဖုန်း-၂၅၆၈၄၅ မှ ၂၅၆၈၅၀ အထိနှင့် ဦးဝင်းမင်းထွန်း ဖုန်း-၅၂၄၃၈၅ တို့ထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

ချောက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၉

ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်းမုခ်ကြားတောရလမ်း တရားရုံးချုပ်ဓမ္မာရုံ၌ ဧပြီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သားအားလုံး မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ (၆၁)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၂)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၁၅)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

❖ ရှေ့ဖုံးမှ

ရန်ကုန်တိုင်း ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း နည်းပညာကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သောင်းဝင်းက နွား၊ ဝက် စသည့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှ Biogas ထုတ်ယူ၍ ကျေးလက်ဒေသ၌မီးလင်းရေးလုပ်ငန်း၊လယ်ယာသုံးရေစုပ်စက်၊ ရေတင်စက်များ မောင်းနှင်ခြင်းနှင့် ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူလူထု၏ အသား၊ ငါး လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်း အထောက်အကူပေးနိုင်ရန်၊ ခေတ်မီမွေးမြူရေးနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ထိထိရောက်ရောက် စီမံဆောင်ရွက်ပြီး လုပ်ငန်းများကို ယခုထက်ပိုမိုတိုးချဲ့ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများသည် ပင်မငါးမွေးမြူရေးစခန်း၌ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွ၊ ငါးတန်၊ တီလားပီးယားစသည့်ငါးမျိုးစုံကောင်ရေ ၁၂၀၀၀၀ ကျော် မွေးမြူထားရှိမှု၊ ရေချိုပုစွန်သားပေါက်ကန်များ၌ရေလှည့်လည်နည်းစနစ်ဖြင့် ရေချိုပုစွန်များ သားဖောက်မွေးမြူထားရှိမှု၊ Biogas Plantဆောက်လုပ်နေမှုနှင့် Biogas စမ်းသပ်ထုတ်လွှတ်နေမှုကို လည်းကောင်း၊ နို့စားနွားမွေးမြူရေးခြံများအတွင်းနို့စားနွားကောင်ရေ ၇၀ကျော် မွေးမြူဖြစ်ထွန်းနေမှု၊ ဝက်မွေးမြူရေးခြံများအတွင်း ဝက်ကောင်ရေ ၁၈၀ ကျော် မွေးမြူဖြစ်ထွန်းနေမှုနှင့် နွားမွေးမြူရေးအစားအစာအဖြစ်'မာဏ' အမျိုးအစား မြက်များစိုက်ပျိုးထားမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးကာ မွန်းလွဲ ၂နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်အနေဖြင့် ငါးမွေးမြူရေးနည်းပညာများ ပြန့်ပွားလာစေရန်၊ ငါးနှင့်ပုစွန်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးရန်နှင့် ပြည်သူလူထု၏ အသား၊ ငါးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ မွေးမြူရေးစခန်းများဖွင့်လှစ်ပြီး ငါးမျိုးစုံ၊ နွား၊ ဝက်၊ ဥစားကြက်နှင့် အသားစားကြက်မျိုးစုံတို့ကို မွေးမြူထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့် အသား၊ ငါးများကို ရန်ကုန်မြို့တွင်းရှိ ဈေးများ၊ အခွန်လွတ်ဈေးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များသို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မတ် ၂၉ ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပတ်လည် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohammed Khairuzzaman နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးဉာဏ်လင်းအား ခန့်အပ်

နေပြည်တော် မတ် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာနနိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသောပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဟောပြောပွဲ၊ စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ဝင်များနှင့်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပင်းတယမြို့ ငှက်ပျောတောရပ်ကွက်တွင် ဒေသခံ တိုင်းရင်းသူများနှင့် စကားဝိုင်းများဖွဲ့၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။
(အမျိုးသမီးရေးရာအဖွဲ့ချုပ်)

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်တို့သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မတ် ၂၃ရက်မှ ၂၅ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလော၊ ပင်းတယ၊ တောင်ကြီးနှင့် အင်းလေးဒေသများရှိ ရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသူအမျိုးသမီးများနှင့် တွေ့ဆုံကာ အသိပညာပေးဟောပြောပွဲ၊ စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ခဲ့ကြသည်။

မတ် ၂၃ရက်တွင် ကလောမြို့နယ် ရွာတော်စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနတွင် ကျေးရွာရှိ ပအိုဝ်း တိုင်းရင်းသူ ၁၀၀ခန့်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးပြီး အလှူငွေများ၊ သတင်းစာများ၊ ကက်ဆက်၊ ဘောလ်ပင်စသည့်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ပင်းတယမြို့ ငှက်ပျောတောရပ်ကွက်သို့ ရောက်ရှိပြီး အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ရာပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယရဲမှူး ဒေါ်ဥမ္မာရင်မိက လူမှောင်ခိုနှင့်လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ရှမ်းပြည်နယ် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဆရာဝန် ဒေါက်တာမင်းယုအောင်က အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း အသီးသီး ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှထောက်ပံ့သော အမျိုးသမီးရေးရာဝတ်စုံများနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ပြက္ခဒိန်များ၊ စာစောင်၊ မဂ္ဂဇင်းများကို လှူဒါန်းကြသည်။

အဆိုပါရပ်ကွက်မှလည်း အဖွဲ့ဝင်အဆိုပြုလွှာ ၃၀၀ကို တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင်ထံသို့ပေးအပ်ကြသည်။ ယင်းနောက် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အမျိုးသမီးများနှင့် ရင်းနှီးပွင့်လင်းစွာ စကားဝိုင်းဖွဲ့ဆွေးနွေးကြသည်။ ယင်းဆွေးနွေးဟောပြောပွဲနှင့် စကားဝိုင်းသို့ အမျိုးသမီးအင်အား ၄၅၀ဦး တက်ရောက်ကြသည်။

မတ် ၂၄ရက်တွင် တောင်ကြီးမြို့ရှိ ကျောင်းစုရပ်ကွက်သို့ သွားရောက်ပြီး ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တီဘီရောဂါဝေဒနာရှင်များအား ဆေးကုသခြင်းကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အာဟာရများကို ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍တောင်ကြီးမြို့နယ် ကျောက်တလုံးမြို့ ဟမ်းဆီးကျေးရွာ၌လည်းကောင်း၊ မတ် ၂၅ရက်တွင် အင်းလေးဒေသ ညောင်ရွှေမြို့နယ် ဟဲယာရွာမ ကျေးရွာတို့၌ လည်းကောင်း အလားတူ အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြသည်။ ဟဲယာရွာမ ရေပေါ်ဈေးတွင် အိပ်ချ်အိုင်ဗွီနှင့်အေအိုင်ဒီအက်စ် လက်ကမ်းစာစောင်များကို ဝေငှပြီး အဆိုပါရောဂါအကြောင်းကို အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာဒေါ်တင်မိမိခိုင်က ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက်အမျိုးသမီးရေးရာဝတ်စုံများနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ပြက္ခဒိန်၊ စာစောင်၊ မဂ္ဂဇင်းများနှင့်အလှူငွေများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဟမ်းဆီးကျေးရွာ၌ အမျိုးသမီးအင်အား ၄၀၀တက်ရောက်ပြီး အဖွဲ့ဝင်အဆိုပြုလွှာ၂၀၀ကိုလည်းကောင်း၊ ဟဲယာရွာမကျေးရွာ၌ အမျိုးသမီးအင်အား ၄၂၀တက်ရောက်ပြီး အဖွဲ့ဝင် အဆိုပြုလွှာ ၂၀၀ကို လည်းကောင်း ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ အဖွဲ့ဝင်များသည် အင်းလေးဒေသ နန့်ပန်ကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်နှင့် ရပ်ရွာပညာပဒေသာဌာနသို့ သွားရောက်ပြီး အလှူငွေနှင့်ဂျာနယ်မဂ္ဂဇင်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၇ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊
၇:၀၅	ရင်ထဲကအရဟံတရားတော် အရှင်ရာဇိန္ဒ (ရဝေနွယ်၊အင်းမ) (အပိုင်း-၂)
၈:၀၀	ရွှေပြည်တော်ကိန်းအေးငြိမ်း ပါလို ကုသိုလ်ဖြစ် ဆေးခန်းက အေးချမ်းစွာကြို
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	Myanmar Video Rhythm
၉:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅	ဂုဏ်ယူစရာ လက်မှုအတတ်ပညာ
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	Yangon Panorama (Canon Show)
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ICT CARAVAN (2007) မော်လမြိုင်ခရီးစဉ်
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	သီးနှံစိုက်ပျိုးအထွက်တိုး (ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်အောင် သုံးစွဲနည်း)
၁၀:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	Music Talk (ဂီတမှူး အကယ်ဒမီ ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း)(အပိုင်း-၂)
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	အနာဂတ်ပန်းများ ပွင့်လန်းဝေဆာ မြင်သာမြို့ဦး ပရဟိတဂေဟာ (အပိုင်း-၁)
၁၂:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၂:၂၀	သန့်ရှင်းလတ်ဆတ် စံချိန်မီ မြန်မာ့ချက်နို့ဆီ
၁၂:၄၀	နိုင်ငံတကာသတင်း အကျဉ်း
၁၂:၄၅	သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✳ အနာဂတ်မှ

တွေ့ရှိရမှာဖြစ်ကြောင်း၊ ဤသို့ နှစ်နိုင်ငံကူးလူးဆက်ဆံလျက်ရှိရာတွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ကီလိုမီတာပေါင်း ၂၁၉၂ ထိစပ်နေသည့် ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံရှိ အခြားပြည်နယ်များထက် မြန်မာနိုင်ငံနှင့် ကူးလူးဆက်ဆံမှု ပိုမိုများပြားပြီး ကုန်သည်လုပ်ငန်းရှင်များအချင်းချင်း ဆက်ဆံမှုသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ယုံကြည်

ဤအခြေအနေမျိုးတွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် အားသစ်လောင်းခြင်းဖြစ်ပြီး နှစ်ဖက်ကုန်သွယ်ဆက်ဆံမှုများလည်း ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ကြောင်း။

ယခု တွေ့ဆုံဆွေးနွေးပွဲတွင် နယ်ပယ်အသီးသီးမှ ကုန်သည်လုပ်ငန်းရှင်များ ရင်းရင်းနှီးနှီးတွေ့ဆုံခြင်းအားဖြင့် နယ်ပယ်အသီးသီး ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှု ပိုမိုဆောင်ရွက်နိုင်မည့် အခြေအနေတွေကို ဖန်တီးပေးမည့် ရလဒ်များ ပေါ်ထွက်လာမှာ ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာ့ကုန်သွယ်ဆက်ဆံမှုအခြေအနေ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ နယ်စပ်ဒေသ ကုန်သွယ်ကူးလူးဆက်ဆံမှုတွင် ရှေးယခင်က ကျင့်သုံးသည့် ပုံစံအစား နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှု အခြေအနေသို့ ပိုမိုတက်လှမ်းနိုင်ရေးအတွက် လှေကားထစ်တစ်ခုသဖွယ် ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း။

ပုံမှန်ကုန်သွယ်မှုစနစ် တိုးတက်ကျင့်သုံးနိုင်ရေးအတွက် မိမိနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များကို ပုံမှန်ကုန်သွယ်မှုစနစ် အလေ့အကျင့်များ ရအောင် ဆွေးနွေးလေ့ကျင့် ပြုပြင်ပေးလျက်ရှိကြောင်း၊ နောင်တွင် GMS, ACMECS, ASEAN, BIMSTEC စသည့်ဒေသတွင်း နိုင်ငံအဖွဲ့အစည်းများနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းများ ကျင့်သုံးဆောင်ရွက်သည့်အခါတွင် လိုက်လျောညီထွေဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ပြီး တတိယနိုင်ငံအထိ ကုန်သွယ်မှုပြုခြင်းများလည်း ရှိလာမည်ဖြစ်သည့်အတွက် ၎င်းအခြေအနေကို မျှော်မှန်းပြီး ပုံမှန်ကုန်သွယ်မှုစနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရန် ပိုမိုလိုအပ်လာပြီဖြစ်ကြောင်း။

မိမိနိုင်ငံ အကြီးအကဲများကလည်း နှစ်နိုင်ငံကုန်သည်ချင်း ဆွေမျိုးသားချင်းသဖွယ် အပြန်အလှန် ယုံယုံကြည်ကြည်၊ ချစ်ခင်ရင်းနှီးစွာဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ကုန်သွယ်မှုကို မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်ရင်း နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန် လမ်းညွှန်ထားကြောင်း၊ အဆိုပါ လမ်းညွှန်ချက်နှင့်အညီ မိမိတို့အနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်သည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုသည် အဆပေါင်းများစွာ ဆက်လက်တိုးတက်လာမှာဖြစ်သည်ဟု မျှော်လင့်ပါကြောင်း၊ ယူနန်ပြည်နယ်မှ မိတ်ဆွေများအနေဖြင့်လည်း မိမိတို့မျှော်လင့်သည့်အတိုင်း နှစ်ဖက်ကုန်သွယ်မှု သိသာစွာ တိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်နေမည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ရွှေလီရေအားလျှပ်စစ်ဆိုင်ရာလုပ်ငန်းအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ကို ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Liu Ping အား ပေးအပ်သည်။

လက်မှတ်ရေးထိုး

ထို့နောက် သတ္တုတွင်းလုပ်ငန်း၊ ဓာတ်မြေဩဇာနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်း၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့် သတင်းနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာ-တရုတ် နှစ်နိုင်ငံကိုယ်စားလှယ်များက သဘောတူညီချက်စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာ-တရုတ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများကို တကောင်းခန်းမ၌လည်းကောင်း၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် အရောင်းမြှင့်တင်ရေးလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုကဏ္ဍ၊ အခြေခံအဆောက်အအုံ၊ လယ်ယာကဏ္ဍ၊ ဆေးဝါးလုပ်ငန်း၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ကုန်ထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာ စားပွဲဝိုင်းများတွင်လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ညပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်က ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် အဖွဲ့ဝင်များ၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအား ကုန်သည်ကြီးများ ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

သတ္တုတွင်းလုပ်ငန်း၊ ဓာတ်မြေဩဇာနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်း၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့် သတင်းနှင့် နည်းပညာ ပူးပေါင်းဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာ-တရုတ် နှစ်နိုင်ငံကိုယ်စားလှယ်များ သဘောတူညီချက် စာချုပ်များကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

● ဂီနီကပ်ပါးရောဂါပိုးမှ

ထိုရောဂါကင်းစင်လာသည့် နှုန်းသည် ဤအတိုင်းသာ ဆက်လက် အရှိန်ကောင်းနေမည်ဆိုလျှင် နှစ်နှစ်မပြည့်မီ အချိန်မှာပင် ဂီနီကပ်ပါးရောဂါပိုး ကင်းစင်ပြီဖြစ်ကြောင်း ကြေညာနိုင်ဖွယ်ရာရှိသည်ဟု ဆိုသည်။

ယခုရောဂါသည် ကျောက်ကြီးရောဂါပြီးလျှင် လုံးဝ ပပျောက်ပြီဟု ကြေညာနိုင်မည့် ဒုတိယရောဂါပင် ဖြစ်လိမ့်မည်ဟု ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၂၀ တို့တွင် ၁၉၈၀ ပြည့်နှစ် အစောပိုင်းကာလက ဂီနီကပ်ပါးရောဂါပိုး ဖြစ်ပွားသူဦးရေသည် သုံးသန်းနီးပါးမျှရှိသည်။ သို့ရာတွင် ယခုအခါ၌ အာဖရိက ကိုးနိုင်ငံ၌သာ ထိုရောဂါ ဖြစ်ပွားသူဦးရေ ၂၅၀၀၀ ခန့် ကျန်ရှိတော့သည်။

ဂီနီကပ်ပါးရောဂါပိုးနှင့် ပတ်သက်၍ ယခုကဲ့သို့ အခြေအနေကောင်းမွန်လာရခြင်းသည် သက်ဆိုင်ရာ နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ မနားမနေ ကြိုးပမ်းမှုရလဒ်ကြောင့်ပင်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာ လိုရန်ဇိုဆိုပိုင်လီက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများအနက် နိုင်ငံပေါင်း ၁၈၀ တွင် ဂီနီကပ်ပါးရောဂါပိုးသည် ၁၉၉၅ ခုနှစ်ကတည်းက ကင်းစင်သွားပြီဟု ကမ္ဘာ့ကျန်းမာရေး ကျွမ်းကျင်ပညာရှင်များ၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဂီနီကပ်ပါးရောဂါပိုးကို ၂၀၀၉ ခုနှစ်တွင် လုံးဝ ပပျောက်ရမည်ဟု ရည်မှန်းထားရာ ယခုအခါတွင် ယင်းရည်မှန်းချက်ပြည့်လုနီးပါးရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

တစ်ချိန်က ယင်းရောဂါသည် လူသားမျိုးဆက်ပေါင်း များစွာကို ကူးစက်ပြန့်ပွားဒုက္ခပေးခဲ့သည်။ သို့ရာတွင် ယခုအခါ၌ ယင်းရောဂါသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခြင်း မရှိတော့ဘဲ အာဖရိကဆာဟာရ ဒေသခွဲရှိ ကျေးရွာများ၌သာ ဖြစ်ပွားသည်ကို တွေ့ရသည်။

ယင်းရောဂါသည် ညစ်ညမ်းသော ရေကြောင့် ပျံ့နှံ့ဖြစ်ပွားခြင်းဖြစ်သည်။ ရောဂါဖြစ်ပွားရာတွင် များသောအားဖြင့် ခြေထောက်အောက်ပိုင်း၌ ဆိုးရွားသည့် အနာများ ဖြစ်ပွားလာတတ်သည်။ ***အင်တာနက်***

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၇(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ အကပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၆။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၄၀ ၈။ **"လောကရဲ့အလှရတနာ" (ရဲအောင်၊မေသဥ္ဇာဦး၊ သူထူးစံးပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ချောရတနာ၊ မေကဗျာ)**
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သုတစုံလင် ရွှေညာဏ်ရှင်
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ်ရွက်ကလေး၏ ရင်ခုန်သံ" (အပိုင်း-၁၁)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး" (အပိုင်း-၂၄)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

☆ တပ်မတော်နေ့မှ

တောင်ကွဲ စေတီတော်ပုံစံငယ်နှင့် ဓာတ်ပုံပြကွက်များ၊ နိုင်ငံတော် အကြီးအကဲ၏ မိန့်မှာချက်နှင့် အင်းလေးဖောင်တော်ဦး စေတီတော်ပြကွက်၊ တို့ရှမ်းတောင်က ရွှေရင်အေး စပါးအထွက်တိုးလို့ ဥစ္စာပွား ပြည်သူ့ရွှေရင်အေးစေသားပြကွက်၊ နိုင်ငံတော် အကြီးအကဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လိုက်လံစစ်ဆေးစဉ်နှင့် တန်ခိုးကြီး ဘုရားများ လှည့်လည်ဖူးမြော်ကြည်ညိုစဉ် မှတ်တမ်းဓာတ်ပုံများ၊ သမိုင်းဝင် မိုင်းယန်းတိုက်ပွဲနှင့် သမိုင်းဝင် မုန်းကျွတ်တိုက်ပွဲ မှတ်တမ်းဓာတ်ပုံနှင့် သဲမြေပုံ ပုံစံငယ်ပြကွက်၊ စည်းလုံးညီညွတ်ရေးကို သရုပ်ဖော်ခဲ့သော ရှမ်းတိုင်းရင်းသား မျိုးနွယ်များ ပုံတူရုပ်တုပြကွက်၊ တောင်ကြီးမြို့တော် အလှပြကွက်၊ ပင်လုံစာချုပ် လက်မှတ်ရေးထိုးပွဲနှင့် အထိမ်းအမှတ် ကျောက်စာတိုင်နှင့် လွတ်လပ်ရေးအစ ပင်လုံက ပြကွက်၊ နိုင်ငံ့စွမ်းအား မြင့်မားရေး တီကျစ်ကျောက်မီးသွေးဓာတ်အားပေးပြကွက်၊ ဇော်ဂျီရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံ ပြကွက်၊ ရွှေညောင်-နမ့်စန်-မိုးနဲ မီးရထားလမ်း ပန်းချီကားနှင့် ပုံစံငယ်ပြကွက်များကို ပြည်သူများ ဗဟုသုတ တိုးပွားစေရန် ပြသထားသည်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် ပြခန်းတွင် လူသားမျိုးနွယ်အစ အနောက်မြောက်တိုင်းက ပြကွက်၊ စာပေနိဒါန်းလက်ဆင့်ကမ်း၊ မြန်မာမှု မြန်မာပြုနှင့် တရားဖက်သည် ဓား ထက်သည် ပြကွက်၊ အလောင်းမင်း တရား ဦးအောင်ဇေယျ ဘာမထီ မြန်မာပြည်သားပြကွက်၊ ထွန်းလင်းတဲ့ ကုန်းဘောင်ပြကွက်၌ အင်္ဂလိပ် ရေတပ်ဗိုလ် စတင်လေဘရက မဟာ ဗန္ဓုလအား အလေးပြုနေပုံ ပုံစံငယ် နှင့် ကုန်းဘောင်ခေတ်မှ ဗိုလ်မှူး အဆောင်အယောင်များနှင့် တပ်သား အဆောင်အယောင်များ၊ မင်းကွန်း မြေမှ ကြီးလေးကြီးပြကွက်၌ မင်းကွန်း ပုထိုးတော်ကြီး၊မင်းကွန်းခေါင်းလောင်း တော်ကြီး၊ ကြက်ထောင်ကန်တော်ကြီး နှင့် မင်းကွန်းခြသေ့်တော်ကြီး ဓာတ်ပုံ နှင့် မှတ်တမ်းမှတ်ရာများ၊ စစ်ကိုင်း တောင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း ပုံစံတူပြကွက်၊ ဇောဓိတစ်ထောင်၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း ကောင်းမှုတော်၊ ဖိုလ်ဝင်းတောင်နှင့် စစ်ကိုင်းတောင် ပန်းချီကားများ၊ အလောင်းမင်းတရား ဦးအောင်ဇေယျ တည်ထားကိုးကွယ်ခဲ့သည့် ရန်အောင်မြင် စစ်ဆောင် စစ်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ်နှစ်ဆူ၊ ကျန်စစ်သားမင်း ကိုးကွယ်ခဲ့သည့် လာဘမုနိ ရုပ်ပွားတော်၊ ဖွံ့ဖြိုးဝေစည် မြန်မာပြည် ပြကွက်၊ ပုံညာတောင် ဥမင်ရထားလမ်း တည်ဆောက်ခြင်း စီမံကိန်း ပုံစံငယ်နှင့် ပုံညာတောင်ဥမင်နှင့် ပတ်သက်သည့်အချက်အလက်များ၊ စစ်ကိုင်းတိုင်းအတွင်းမှ ချင်းနှင့် နာဂ တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများ စသည့် ပြကွင်းပြကွက်များကို စိတ်ဝင်စားဖွယ် ပြသထားသည်။

အဆိုပါ ပြပွဲကို ဧပြီ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသထားမည်ဖြစ်ရာ ပြည်သူများ အခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြပွဲကို တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြသရာ ပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီ ဆက်လက်ပြသ

ရန်ကုန် မတ် ၂၉

ယခုသောကြာပတ် မတ် ၁၀ ရက် (ယနေ့)တွင် မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် ရုံတင်ခြင်း မရှိဘဲ မကြာမီက ရုံတင်ပြသခဲ့သည့် **"ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီ"** ဇာတ်ကား တစ်ကားသာ သမ္မတနှင့် သွင်ရုံတို့တွင် ဆက်လက်ပြသမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် အကယ်ဒမီ ကျော်သူ၊ အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ ညွန့်ဝင်း၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ သတိုးဇော၊ အောင်ပိုင်၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ အကယ်ဒမီ နန္ဒာလှိုင်၊ အကယ်ဒမီ ချိုပြုံးနှင့် အကယ်ဒမီ ရှုမဝစမ်းစမ်းအေးတို့ ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် ဒါရိုက်တာ Benny Chan ရိုက်ကူးပြီး ဂျက်ကီချန်း ပါဝင်သည့် ROB-B-HOOD ဇာတ်ကား ပြသမည်ဖြစ်သည်။ အဆိုပါ ဇာတ်ကားမှာ လျှို့ဝှက်သည်းဖိုနှင့် ဟာသရောနှော ရိုက်ကူးထားသည့် ဇာတ်ကား တစ်ကားဖြစ်သည်။

ရွှေ့ဆောင်ရုံ

ရွှေ့ဆောင်ရုံတွင် သရုပ်ဆောင် Hritik Roshan Ashwariya Rai တို့ ပါဝင်သည့် Dhoomz Back in Action လျှို့ဝှက်သည်းဖိုစွန့်စားမှု အသားပေး အိန္ဒိယ ဇာတ်ကား ပြသမည်ဖြစ်သည်။

နေပြည်တော်ရုံ

နေပြည်တော်ရုံတွင် ဒါရိုက်တာ Edward Zwick ရိုက်ကူးပြီး နာမည်ကြီးသရုပ်ဆောင် လီယိုနာဒို ဒီကာပရီယို ပါဝင်သည့် Blood Diamond စွန့်စားမှုအသားပေး ဇာတ်ကြမ်းကား ဆက်လက်ပြသမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ဆီရာလီယွန်နိုင်ငံရှိ စိန်မှောင်ခိုမှုများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် ဇာတ်ကား တစ်ကားဖြစ်သည်။

(ကြေးမုံ)

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကရင်ပြည်နယ်တာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် မတ် ၁၆ ရက် ညနေပိုင်းတွင် ဘားအံမြို့သို့ ရောက်ရှိပြီး ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်၍ မဲဘောင်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလိယအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ မြိုင်ကြီးငူဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဇနအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညပိုင်းတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ လိုက်ပါလျက် ကရင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဒေါနခန်းမ၌ ကရင်ပြည်နယ်(၇)မြို့နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အတွင်းရေးမှူးများ၊ အမှုဆောင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်အားပေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၇ ရက် နံနက်ပိုင်းတွင် (၆၂) ကြိမ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်ကျင်းပသော ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး အတွင်း/အပြင် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၇ ခုနှစ် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက် ပြည်နယ်အဆင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် မြဝတီမြို့သို့ ရောက်ရှိပြီး မြဝတီတပ်နယ်မှဗိုလ်မှူးကြီး နေလင်း လိုက်ပါ၍ မြဝတီမြို့နယ် ဖော့ရှမ်းကျေးရွာ အလယ်တန်းကျောင်းခန်းမ ၌ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ ကျေးရွာသူ၊ ရွာသားများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြဝတီမြို့နယ် ဇရပ်ဖြူရွာရှိ ကိုယ့်အားကိုယ်ကိုးအခြေခံပညာ မူလတန်းကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာသင်ခုံများအတွက် အလှူငွေများ လှူဒါန်း၍ ဇရပ်ဖြူကုန်း ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ကရင်ပြည်နယ်တာဝန်ခံ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်နှင့်အဖွဲ့သည် ညနေပိုင်းတွင် မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန် တည်ဆောက်ရေး စီမံကိန်းနှင့် ဦးထောက်ရှ၏တစ်သျှူးကာခြားငှက်ပျောစိုက်ခင်း နှစ်ဧက စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုလေ့လာပြီး မြဝတီမြို့ ရွှေမြင်းဝန်ဘုရားသို့ သွားရောက်ဖူးမြော်ကာ ရင်ပြင်တော်တန်ဆောင်း၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိပါလနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညပိုင်းတွင် မြဝတီမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ မြဝတီမြို့နယ်မှ စစ်မှုထမ်းဟောင်း အဖွဲ့များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကရင်ပြည်နယ် တာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မြဝတီတပ်နယ်မှ ဗိုလ်မှူးကြီးနေလင်းနှင့် ကရင်ပြည်နယ် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့ လိုက်ပါလျက် မတ် ၁၈ ရက် နံနက်ပိုင်းတွင် မြဝတီခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစည်းအဝေးခန်းမ၌ မြဝတီခရိုင်အတွင်းရှိ အသင်းအတွင်းရေးမှူးများ အမှုဆောင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်ရှိ အကျယ် ၁၂ပေ၊ အရှည်ပေ ၁၁၀၀ရှိ ကိုယ့်အားကိုယ်ကိုး ရွှေတဆုပ်ကတ္တရာလမ်း၊ အမှတ်(၁)ရပ်ကွက်ရှိ အကျယ် ၁၄ပေ၊ အရှည်ပေ ၅၃၀ ရှိ ကိုယ့်အားကိုယ်ကိုး ဒေါနကတ္တရာလမ်း ဖွင့်ပွဲများသို့ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမှတ်(၃)ရပ်ကွက်ရှိ လဂွန်းအိမ်လမ်း ကျောက်ခင်းခြင်း လုပ်ငန်းနှင့် ထိုင်း-မြန်မာ နယ်စပ်ချစ်ကြည်ရေးတံတားသို့ ရောက်ရှိပြီး စစ်ဆေးရေးဂိတ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြဝတီမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာများကို မြဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောလွင်ကလည်းကောင်း၊ ခါနွေဦး အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းတွင် အသုံးပြုရန်အတွက် အမှတ်(၅) ရပ်ကွက်နေ ဦးစောအေးမြိုင်က ဗလာစာအုပ်များကိုလည်းကောင်း၊ ကွမ်ရင်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းဟန်က အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ မြဝတီခရိုင် ပညာရေးကဏ္ဍမြင့်မားရေးအတွက် မြဝတီမြို့ရှိ ကုမ္ပဏီများက လှူဒါန်းငွေကျပ် ရှစ်သိန်း၊ စာသင်ခုံများ ပြုလုပ်ရန်နှင့် အားကစားကွင်း ပွဲကြည့်စင် တည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးဘမြင့်က ငွေကျပ်ငါးသိန်းလှူဒါန်းရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက လက်ခံသည်။

အမှာစကားပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် ထို့ကောကိုးရွာဘုန်းကြီးကျောင်း၌ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်၍လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ညပိုင်းတွင် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် ဘားအံပညာရေးကောလိပ်သီရိခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အသင်းဝင်အဆိုပြုလွှာ ၅၂၇ စောင်ကို လက်ခံသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၆) ရပ်ကွက် စိန်စီမြလမ်းကတ္တရာလမ်းသစ်နှင့် ကွန်ကရစ်တံတားလေးစင်း ဖွင့်ပွဲသို့ တက်ရောက်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် ကရင်ပြည်နယ် ခရစ်ယာန်အသင်း သာသနာပိုင်ရုံး ဘိုးဘွားများ အောက်မေ့ဖွယ် ခန်းမဆောင်၌ ခရစ်ယာန် ဘာသာရေး ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးကပြည်နယ်ဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးပြောကြား၍ ကွန်ပျူတာတစ်စုံနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)မှ ဘီးရှော့စတီဗင်သန်းမြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ တွေ့ဆုံပွဲသို့ ကရင်ပြည်နယ် နှစ်ခြင်းသာသနာပိုင် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)၊ကက်သလစ်အသင်းတော်၊ သတ္တမဥပုသ်နေ့ အသင်းတော်နှင့် နှစ်ခြင်းအသင်းတော်များမှ ဆရာတော်များနှင့် စစ္စတာများ တက်ရောက်ကြသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ရှေးဟောင်းသမိုင်းဝင် ကော့လွန်းဂူတော်ကြီးဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ကော့လွန်းဂူ သဒ္ဓမ္မဓမ္မာရုံကျောင်း၌ ဆရာတော် ဘဒ္ဒန္တကဝိဓဇအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ရသေ့ပုံရွာ ဘုန်းကြီးကျောင်း၌ ဆရာတော် ဦးဝိသုတိနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မာရုံ၌ ကျင်းပသော ရပ်မိရပ်ဖများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများ ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ အခမ်းအနားတွင် ရသေ့ပုံကျေးရွာအုပ်စု ရွာလေးရွာမှ အသင်းဝင် အဆိုပြုလွှာ ၁၀၅၀ စောင် ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံခဲ့ကြောင်း သတင်းရှိသည်။

(သတင်းစဉ်)

အလိုတော်ပြည့် ဝိပဿနာတရားစခန်း

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်မှ ကဆုန်လဆန်း၁ ရက်အထိ(ဧပြီ ၇ ရက်မှ၁၆ ရက်အထိ)၁၀ရက်စခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇပြည်တွင်း၊ပြည်ပ သာသနာပြု ဒေါက်တာဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီးကိုယ်တိုင် ဝိပဿနာသတိပဋ္ဌာန် အလုပ်ပေးတရားဟောကြားမည် ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသော ယောဂီများ ဖုန်း၅၄၈၈၆၁၊ ၅၄၅၃၃၇ တို့သို့ ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်များ ခန္တီးမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ဟောပြောပွဲကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာ သိမှတ်ဖွယ်ရာဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်များသည် မတ် ၁၉ ရက် ညပိုင်းတွင် ခန္တီးမြို့ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိမှတ်ဖွယ်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ရောဂါအကြောင်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်ညွန့်က လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ခန္တီးမြို့ နားတွေ့ဘာရပ်ကွက်မှ သုံးမြွာပူးမွေးဖွားသည့် ကလေးမိခင် မယန်းတိုက်အား ထောက်ပံ့ငွေနှင့် ဆေးဝါးများ၊ နို့မှုန့်များကို ပေးအပ်သည်။ ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့သော ဝတ်စုံများ၊ စာအုပ်စာစောင်များ၊ မုန့်ချို၊ ရုပ်ပျို၊ အေးငြိမ်းသီတာ၊ လင်ဇီးစသော တိုင်းရင်းဆေးဝါးများကို ခန္တီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့သို့ ပေးအပ်သည်။

ထို့နောက် ခန္တီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီမြင့်က စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌထံ အမျိုးသမီးရေးရာအဆိုပြုလွှာကို ပေးအပ်ရာ တိုင်းဥက္ကဋ္ဌက လက်ခံပြီး အသိအမှတ်ပြုကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များကို ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ တက်ရောက်လာသည့် ကလေးမိခင်များ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မုန့်ချို၊ ရုပ်ပျို၊ အေးငြိမ်းသီတာ၊ လင်ဇီးစသော တိုင်းရင်းဆေးဝါးများနှင့် လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ တက်ရောက်လာသူ အမျိုးသမီးများနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

လှူဒါန်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များသည် မတ် ၂၀ရက် နံနက်ပိုင်းတွင် ခန္တီးမြို့ သီလရှင်စာသင်တိုက်သို့ ရောက်ရှိပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ၊ မုန့်ချို၊ ရုပ်ပျို၊ အေးငြိမ်းသီတာ၊ လင်ဇီးစသော တိုင်းရင်းဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက် အားကစားသတင်းများ

ယူရို ၂၀၀၈ ခြေစစ်ပွဲကျင်းပ အင်္ဂလန်က အင်ဒိုရာအသင်းကို အနိုင်ရ

မတ် ၂၈ ရက်က စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပသော ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲတွင် အင်္ဂလန်အသင်းမှ ဂျာမိန်း ဒီန်းက အင်ဒိုရာအသင်းဘက်သို့ ဂိုးသွင်းနိုင်ရန် ကြိုးပမ်းစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာစီလိုနာ မတ် ၂၉

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲအဖြစ် စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ဗုဒ္ဓဟူးနေ့က အင်္ဂလန်အသင်းနှင့် အင်ဒိုရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စတီဗင်ဂျရတ်၏ ကြိုးပမ်းမှုဖြင့် အင်္ဂလန်အသင်းက အင်ဒိုရာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အုပ်စု(င)တွင်ပါဝင်သော အင်္ဂလန်အသင်းနှင့် အင်ဒိုရာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဒုတိယပိုင်းတွင် စတီဗင်ဂျရတ် တစ်ဦးတည်းက နှစ်ဂိုးသွင်းပေးခဲ့ပြီး လူစားဝင်ရောက်သူ ဒေးဗစ်နုဂျင်က ပွဲပြီးခါနီးတွင် တစ်ဂိုးသွင်းပေးခဲ့သည်။

ဘောလုံး ပရိသတ်က မိမိတို့ကို ဂိုးပြတ် အနိုင်ရရှိစေလိုသော်လည်း အင်ဒိုရာအသင်းမှာ ကြံ့ကြံ့ခံကစားခဲ့ကြောင်း ဂျရတ်က ပွဲအပြီးတွင် ပြောကြားသည်။

အင်တာနက်

ဩစတြေးလျဘောလုံးသမား ကီးဝဲလ် လာမည့်လတွင် ဘောလုံးကစားနိုင်ဖွယ်

ဩစတြေးလျ အသင်း တိုက်စစ်မှူး ဟာရီကီးဝဲလ်။

(ဓာတ်ပုံ-အင်တာနက်)

ဆစ်ဒနီ မတ် ၂၉

ဩစတြေးလျလူမျိုး လက်ရွေးစင်ဘောလုံးသမား ဟာရီကီးဝဲလ်သည် လာမည့်လတွင် ဘောလုံးပြန်လည်ကစားနိုင်ဖွယ်ရှိကြောင်း ယနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။ အသက် (၂၈)နှစ်အရွယ်ရှိ ကီးဝဲလ်သည် ဧပြီ ၁၀ ရက်တွင် ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် လီဗာပူး သင်း၏ အရန်ဘောလုံးသမားအဖြစ် ပါဝင်ကစားရန် စီစဉ်ထားသည်။

ကီးဝဲလ်သည် ခြေထောက်၊ ခြေချင်းဝတ်နှင့် ပေါင်တို့တွင် ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်ရပ်များနှင့် ဆက်တိုက်တွေ့ကြုံခဲ့သည်။

ကီးဝဲလ်သည် ပြန်လည်ကြံ့ခိုင်လာပါက ဇူလိုင်လတွင်ကျင်းပမည့် အာရှဖလားဘောလုံးပြိုင်ပွဲတွင် ဩစတြေးလျအသင်းမှ ပါဝင်ကစားမည်ဖြစ်သည်။

အင်တာနက်

ဒီပေါ်တီဗို တိုက်စစ်မှူးအား လီဗာပူးအသင်း ခေါ်ယူလို

လန်ဒန် မတ် ၂၉

လီဗာပူးအသင်းသည် ဒီပေါ်တီဗိုအသင်း၏ တိုက်စစ်မှူး အိန်ဂျဲလ်အရစ်မန်ဒီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း စပိန်မီဒီယာများက ယနေ့ ရေးသားဖော်ပြသည်။ လီဗာပူးအသင်းမန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်သည် အရစ်မန်ဒီထံသို့ ကိုယ်စားလှယ်တစ်ဦး စေလွှတ်ခဲ့ကြောင်း၊ ဒီပေါ်တီဗိုအသင်းသည် ဘဏ္ဍာရေးပြဿနာများ တွေ့ကြုံနေရပြီး အရစ်မန်ဒီအား ရောင်းချလိုကြောင်း စပိန်နိုင်ငံတွင်ထုတ်ဝေသည့် အေအက်စ်အားကစားနေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

အင်တာနက်

ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် မတ် ၂၉

ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၈)နှင့် (၉)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၂၀ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၇)နှင့် (၈)အကြားမှ ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၁ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင် တြိဂံ အမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်း၌ အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။ ဝင်ပေါက် ရေလယ်တိုင်များတွင် မြားအမှတ်အသား ပြထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်၌ ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်၊ တွဲရေယာဉ်များ နှစ်စင်းတွဲ မောင်းနှင်ခြင်းမပြုဘဲ တစ်တွဲချင်း မောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မဟာသန္တိသုခ ယဉ်ကျေးလိမ္မာ အင်္ဂလိပ်-မြန်မာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၉

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ သင်တန်းမှူး ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဇနိတ (မဟာဝိဇ္ဇာ မာဂတတက္ကသိုလ်) ကိုယ်တိုင်ဦးစီးပို့ချမည့် တတိယအကြိမ်မြောက် ၂၀၀၇ ခုနှစ် ယဉ်ကျေးလိမ္မာ နွေရာသီ အင်္ဂလိပ်-မြန်မာအထူးသင်တန်းကို ဧပြီ ၂ ရက် (တနင်္လာနေ့) နံနက် ၇ နာရီခွဲတွင် ကျောင်းတော်ကြီး သင်တန်းခန်းမဆောင်၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ စာရင်းပေးသွင်းထားသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

အနုပညာရှင်အဆင့်(၄) ခန့်ထားရန်လျှောက်လွှာခေါ်ယူခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နှင့် မန္တလေး ထုတ်လုပ်ဌာနခွဲများတွင် အနုပညာရှင်အဆင့် (၄) လစာနှုန်း (၂၇၀၀၀ိ-၁၀၀၀ိ-၃၂၀၀၀ိ)အဖြစ် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ရန်ကုန်-မန္တလေးမြို့များရှိ ထုတ်လုပ်ဌာနခွဲများသို့ လျှောက်ထားနိုင်ပါသည်။ ဌာနတွင် တာဝန်ပေးအပ်ခြင်းခံရပါက ရန်ကုန်နှင့် မန္တလေး မြို့များရှိ ယဉ်ကျေးမှုတက္ကသိုလ်များသို့ လုပ်ငန်းတာဝန်မပျက် တက်ရောက်သင်ကြားခွင့်ပြုမည်။

(က)	အသက်ကန့်သတ်ချက်	-	(၁၆)နှစ်မှ(၂၀)နှစ်အတွင်း
(ခ)	ပညာအရည်အချင်း	-	အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူများ
(ဂ)	အထူးပြုသတ်မှတ်ချက်	-	နိုင်ငံတော်မှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် အက ပညာရပ်၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိပြီးသူများ ဖြစ်ရမည်။

လျှောက်လွှာပုံစံများကို နေပြည်တော်ရှိ အနုပညာဦးစီးဌာန၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ အောက်ဖော်ပြပါဌာနများတွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်-

(၁) အနုပညာဦးစီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၀၈၀၃၇၊၄၀၈၀၂၁၊

(၂) ညွှန်ကြားရေးမှူး၊ ထုတ်လုပ်ဌာနခွဲ၊ အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၅၁၃၄၊

(၃) ညွှန်ကြားရေးမှူး၊ မန္တလေးဌာနခွဲ၊ အနုပညာဦးစီးဌာန၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၁၁၆၇၄

ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန၊
နေပြည်တော်

ဒေါ်တင်တင်မြ (DKU -၁၂၀၇၄၀)၊ ဦးကြည်အောင်၊ ဦးမောင်အေး အမှတ် (၄၉)၊ ပထမထပ်၊ ၁၂၅-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူများနှင့် သက်ဆိုင်သူအများသိစေရန်ကြော်ငြာ

၁။ အမှတ် (၁၂၅/၁၂၇)၊ သိမ်ဖြူလမ်း၊ (၂၅ပေ X ၉၉ပေ)ရှိ အိမ်ခန်းဥပစာ အကျိုးခံစားခွင့်ကို မူလအိမ်ငှား ဦးမောင်သန်း၏ အမွေဆိုင်ဟုဆိုသူ ကွယ်လွန်သူများဖြစ်သည့် (၁)ဦးထွန်းမောင်၊ (၂)ဒေါ်မာလကာ၊ (၃)ဒေါ်တင်တင်တို့၏ အမွေဆက်ခံခွင့်ရှိသူ သားသမီးများ၏ကိုယ်စား ဦးကြည်အောင်၊ ဦးမောင်အေး တို့သည် အသိသက်သေ ဦးတင်လှနှင့်အတူ (၁၄-၃-၂၀၀၇)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးတင့်လွင် [၁၂/ပဘတ(နိုင်) ၀၁၇၆၈၄] အမှတ် (၁၂၇/၁၂၉)၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ပန်းချယ်ရီနာရီဆိုင်ရုံးခန်းသို့ ရောက်ရှိလာကာ ဒေါ်တင်တင်မြပါ သုံးဦး၏ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ မြေယာဌာနနှင့် အင်ဂျင်နီယာဌာနတို့တွင် တင်သွင်းထားသော ကန့်ကွက်လွှာများကို ရုပ်သိမ်းပေးမည်ဟုလည်းကောင်း (၁၅-၉-၂၀၀၆)ရက်စွဲပါ ကြေးမုံ သတင်းစာ စာမျက်နှာ (၁၈)တွင် ၎င်းတို့ တရားရုံးချုပ်ရှေ့နေ ဦးကျော်ငြိမ်း၊ ဒေါ်ခင်မေသန်းတို့နှင့် ထည့်သွင်းထားသော အဆိုပါအိမ်ခန်းနှင့် စပ်လျဉ်းသည့် ကန့်ကွက်ထားသော ကြော်ငြာကို ပြန်လည်ရုပ်သိမ်းကြောင်း သတင်းစာတွင် ထည့်သွင်းပေးပါမည်ဟုလည်းကောင်း၊ ယုံကြည်အောင်ပြောဆိုကာ ယင်းအိမ်ခန်းနှင့်စပ်ဆိုင်သည့် ဦးမောင်သန်း၏ ကျမ်းကျိန်လွှာမိတ္တူနှင့် စာရွက်စာတမ်း မိတ္တူများနှင့် ထိုကဲ့သို့ ရုပ်သိမ်းလွှာတင်သွင်းခြင်းအတွက် ဦးတင့်လွင်ထံမှ ငွေကျပ် သိန်း ၂၀ လက်ခံရယူရန် သဘောတူထားပြီးလျှင် ဦးတင့်လွင်ထံမှ ငွေကျပ်ငါးသိန်းတိတိကို လက်ခံရယူသွားသည်ဟု သိရှိရပါသည်။

၂။ ထို့ပြင် (၂၈-၃-၂၀၀၇)ရက်နေ့တွင် ဒေါ်တင်တင်မြ၊ ဦးမောင်အေးတို့သည် ဦးတင့်လွင်၏ရုံးခန်းသို့ ထပ်မံလာရောက်ပြီး ၎င်းတို့၏အမွေဆိုင်များ အစုံအလင်နှင့် ၎င်းတို့၏တရားရုံးချုပ်ရှေ့နေ ဦးကျော်ငြိမ်း၊ ဒေါ်ခင်မေသန်းတို့ကို (၂၉-၃-၂၀၀၇)ရက်နေ့ နေ့လယ် (၂း၀၀)နာရီတွင် ဦးတင့်လွင်၏ ရုံးခန်းသို့ခေါ်ယူလာပြီး ကျန်ငွေ (၁၅)သိန်းကို လက်ခံရယူကာ ရုပ်သိမ်းလွှာများအားလုံး တင်ပေးပြီးလျှင် အဆိုပါအိမ်ခန်းနှင့်စပ်လျဉ်း၍ အမွေဆိုင်ကိစ္စရပ်များအားလုံး ရုပ်သိမ်းပေးပါမည်ဟု ပြောဆိုသွားသော်လည်း ထိုသို့ ပြောဆိုသည့်အတိုင်း ဒေါ်တင်တင်မြ၊ ဦးကြည်အောင်၊ ဦးမောင်အေးတို့သည် ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိကြောင်း သိရှိရပါသည်။

၃။ သို့ပါ၍ ဒေါ်တင်တင်မြ၊ ဦးကြည်အောင်၊ ဦးမောင်အေးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးတင့်လွင်ထံသို့ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း လာရောက်တွေ့ဆုံကာ အဆိုပါအိမ်ခန်း၏ အမွေဆိုင်ကိစ္စများကို ညှိနှိုင်းထားသည့်အတိုင်း ကျေအေးပြီးပြတ်စေရန်ဆောင်ရွက်ခြင်း၊ သဘောတူထားသော ကျန်ငွေ ၁၅ သိန်းကို လက်ခံရယူကာ ကန့်ကွက်လွှာများအားလုံးရုပ်သိမ်းခြင်းကို ဆောင်ရွက်ပေးပါရန် ကျွန်ုပ်မှတစ်ဆင့် အသိပေးတောင်းဆိုလိုက်ပါသည်။

၄။မလိုက်နာပါက ကျွန်ုပ်၏မိတ်ဆွေ ဦးတင့်လွင်၏ နစ်နာမှုမှန်သမျှ အားလုံးကို ဒေါ်တင်တင်မြ၊ ဦးကြည်အောင်၊ ဦးမောင်အေးတို့က ပေးလျော်ရမည့် အပြင် တည်ဆဲပြစ်မှုကြောင်း၊ တရားမကြောင်းအရ တရားစွဲဆိုရလိမ့်မည်ဖြစ် ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဦးလှမြင့် (ဒဂုံ) စဉ်-၉၀၁၂
အထက်တန်းရှေ့နေ
အမှတ်- ၂၆၃၊ ၃-လွှာ၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း- ၅၃၄၃၆၉

သက်တန်းအလိုက် လူငယ်တံခွန်စိုက်နှင့် စီနီယာတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်နှင့် TOTAL Learning Academy တို့ ပူးပေါင်းကျင်းပမည့် ၂၀၀၇ ခုနှစ် သက်တန်းအလိုက်အမျိုးသား၊ အမျိုးသမီး အသက် (၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀) နှစ်နှင့်အောက် လူငယ်တံခွန်စိုက်နှင့် စီနီယာ(၅၀) နှစ်နှင့်အထက် တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများကို ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိ အောင်ဆန်း အားကစားပြိုင်ဝင်းတွင် ကျင်းပမည်ဖြစ်သည်။

စေလွှတ်ယှဉ်ပြိုင်စေမည်

အဆိုပါပြိုင်ပွဲများမှ ဆုရရှိသူများကို ဆုကြေးငွေများ ထိုက်ထိုက်တန်တန်ချီးမြှင့်မည့်အပြင် ထူးချွန်ထက်မြက်သည့် အားကစားသမားများအား ၂၀၀၇ ခုနှစ် ဇွန်အတွင်း ထိုင်းနိုင်ငံ ပတ္တယားကမ်းခြေတွင် ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံ သက်တန်းအလိုက် တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်မယ်များသည် ဧပြီ ၂၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

(ကြေးမုံ)

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၉

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုနှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရအထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက် နံနက် ၁၀နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် ရေအိုးစဉ်ကျေးရွာမှ ဦးတင်ရွှေ၏သား ဦးဝင်းမြင့် အသက်(၄၀)သည် ဆရာတော် ဦးစန္ဒိအား နွားလှည်းဖြင့်ပင့်ဆောင်၍ ရေအိုးစဉ်မှ မြောင်းဦးကျေးရွာသို့ ထွက်ခွာလာစဉ် တောလမ်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးကို နွားလှည်းဖြင့် ကြိတ်မိပေါက်ကွဲ၍ ဦးဝင်းမြင့်နှင့် ဆရာတော် ဦးစန္ဒိတို့၏ ဘယ်ဘက်ခြေသလုံးတွင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အလားတူ မတ် ၂၅ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ထန်းတပင်မြို့နယ် သပြေညွန့်ကျေးရွာမှ ဦးစိုးမြင့်၏သား ဦးမျိုးအောင် အသက်(၂၃)နှစ်နှင့် ဦးသန်းကြည်၏သမီး ဒေါ်ချောစု အသက်(၂၇)နှစ်တို့ နှစ်ဦးသည် ထင်းခုတ်ရန် နွားလှည်းဖြင့် တောတွင်းသို့ထွက်ခွာလာစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းတစ်လုံးကို နွားလှည်းဖြင့် ကြိတ်မိပေါက်ကွဲ၍ ဦးမျိုးအောင်၏ ညာဘက်ခြေထောက်နှင့် ဒေါ်ချောစု၏ ညာဘက်နားထင်တို့တွင် မိုင်းစများထိမှန်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် ဦးဝင်းမြင့်နှင့် ဆရာတော်ဦးစန္ဒိတို့အား မုန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ဦးမျိုးအောင်နှင့်ဇနီး ဒေါ်ချောစုတို့အား ထန်းတပင်မြို့နယ်ပြည်သူ့ဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်မှုသတင်း

ရန်ကုန် မတ် ၂၉

စစ်ကိုင်းတိုင်း တမူးခရိုင် တုံးကျော်ကျေးရွာ၌ မတ် ၂၆ ရက်တွင် တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ် ၂၃ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၈ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း။

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ အရှေ့မြောက်ရပ်ကွက်၌ မတ် ၂၈ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၂၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

အနာဂတ်တွင် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ပြီး တတိယနိုင်ငံအထိ ကုန်သွယ်မှုရှိလာမည် ၄င်းအခြေအနေကို မျှော်မှန်းပြီး ပုံမှန်ကုန်သွယ်မှုစနစ်ကို ထိရောက်စွာ ကျင့်သုံးရန်လို

မြန်မာ-တရုတ်(ယူနန်) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် မတ် ၂၉

မြန်မာ-တရုတ်(ယူနန်) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မို၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မြန်မာ-တရုတ်(ယူနန်)ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် နာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက အမှာစကား ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးယခင်ကပင် ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့သည့် သမိုင်းအစဉ်အလာ ရှိခဲ့ပြီး ယနေ့အချိန်အခါတွင်လည်း နယ်ပယ်အသီးသီး၌ ပူးပေါင်းဆက်ဆံမှု တိုးတက် များပြားလာသည်ကို

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

တပ်မတော်နေ့ပြပွဲ စစ်သမိုင်းပြတိုက်၌ ဆက်လက်ပြသ

ရန်ကုန် မတ် ၂၉

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဆက်လက်ပြသရာ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၂၄၅ ဦး လာရောက်ကြည့်ရှု လေ့လာကြသည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပြခန်း၌ ရှမ်းပြည်နယ်မြေပုံနှင့် အမှတ်အသား၊ မဟာကမ္ဘောဇ ပြည်ငြိမ်းအေးစေတီတော်၊ ဖူးမြော်ကြအစဉ် ပင်းတယ ရွှေဥမင်၊ မွေတော်ကက္ကူစေတီတော်၊ စူဠာမုနိလောကချမ်းသာစေတီတော်နှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

အင်တာနက် ကျန်းမာရေးသတင်း

ဂီနီကပ်ပါးရောဂါပိုး ကမ္ဘာတစ်ဝန်း၌ ပျောက်ကွယ်တော့မည်

ဂျီနီဗာ မတ် ၂၉

ရှေးအခါသမယအချိန်ကတည်းက လူသားများအား ဒုက္ခပေးနေသော အပူပိုင်းဒေသ ရောဂါတစ်မျိုးသည် ယခုအခါ ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားတော့မည့် အခြေအနေများကို တွေ့နေရပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၂၇ ရက်တွင် ပြောကြားသည်။

မတ်လဆန်းက ကမ္ဘာပေါ်ရှိ နိုင်ငံများအနက် နောက်ထပ် ၁၂ နိုင်ငံသည် ဂီနီကပ်ပါးရောဂါပိုး သို့မဟုတ် (Dracunculiasis) ရောဂါ ကင်းစင်သွားပြီဖြစ်ကြောင်း ကြေညာနိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ●



NLD ပါတီသည် အမျိုးသားနိုင်ငံရေးကို မကြည့် ခေါင်းဆောင်ပိုင်းမှ လူတစ်စုကောင်းစားနေချိန်တွင် အောက်ခြေပါတီဝင်များ ဆင်းရဲတွင်းနစ်လျက်ရှိ လှိုင်သာယာမြို့နယ်မှ ပါတီဝင် နှစ်ဦး နုတ်ထွက်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးအဖွဲ့အတွင်းရေးမှူး ဦးဝင်းဗိုလ်နှင့် မဝင်းပပတို့ နှစ်ဦးသည် မတ် ၂၄ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လှိုင်သာယာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီသည် အမျိုးသားနိုင်ငံရေးကို မကြည့်ဘဲ ပြည်ပနိုင်ငံကြီးအချို့၏ အထောက်အပံ့ကို ရယူကာ တပည့်မွေး၊ ဆရာမွေး အုပ်စုဖွဲ့ပြီး ပါတီတွင်း မညီညွတ်မှုများကို ဖုံးကွယ်လျက် ကိုယ်ကျိုးရှာလျက်ရှိကြောင်း၊ ပြည်ပအထောက်အပံ့များဖြင့် NLD ခေါင်းဆောင်ပိုင်းမှ လက်တစ်ဆုပ်စာ လူတစ်စုကောင်းစားနေချိန်တွင် အောက်ခြေ NLD ပါတီဝင် များမှာ ဆင်းရဲတွင်းနစ်နေကြောင်း၊ NLD၏ထိပ်တိုက်ရင်ဆိုင်ရေး၊ ပိတ်ဆို့ရေး လုပ်ရပ်အမှားများကြောင့် ပြည်သူများ အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် NLDပါတီအပေါ် စိတ်ဝင်စားမှုမရှိသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)